မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်၊ ၂၀၀၈ခုနှစ်၊ ဇွန် ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၅၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျောက်ကလပ်ကျေးရွာ ပြန်လည်တည်ဆောက်ရေးဆောင်ရွက်ရာ၌ ကျေးရွာ၏လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးသာမက ဒေသတွင်း လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေး မျှော်မှန်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၇

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက် ၉နာရီ ၁၅မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ငပုတောမြို့နယ် ကျောက်ကလပ်ကျေးရွာသို့ ရောက်ရှိသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

ရင်းရင်းနှီးနှီးနှုတ်ဆက်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ငပုတောမြို့နယ် ကျောက်ကလပ်ကျေးရွာမှ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

အဖျက်သမားတွေကတော့ စိုးရိမ်ထိတ်လန့်အောင် အမင်္ဂလာနိမိတ်တွေကို (သူတို့ကိုယ်တိုင် မဟုတ်မှန်မှန်း သိသိကြီးနဲ့ ပေါ်တင်) ပြောတယ်။ အဲဒါ ကောလာဟလပါပဲ။

ဈေးစကား၊ လမ်းပေါ်က စကားတွေထဲမှာ ကောလာဟလတွေ ညှပ်ပါလာတတ်တယ်။ ယုံချင်ယုံပါ၊ သို့သော် ချင့်ယုံပါ။ ဘာပဲဖြစ်ဖြစ် အဆိုးဘက်က တမင်ဆွဲပြီး မဟုတ်မမှန် "ကောလာဟလ"နဲ့ လေတိုက်ပွဲဆင်နေကြသူအချို့ ရှိနေတယ်ဆိုတာကို သတိပြုစေချင်ပါတယ်။ သိပ္ပံကျော်ဖေဇော်၏ ဆောင်းပါး စာ - ၈

18-6 (01).pmd 1 6/18/2008, 1:56 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇွန် ၁၈ ရက်)

လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် နယ်ပယ်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း

နိုင်ငံတော်က နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံ၌ ကြိုးပမ်းဆောင်ရွက်ရာတွင် သိပ္ပံနှင့် နည်းပညာရပ်များအပြင် အတတ်ပညာရှင်များ၏ အခန်းကဏ္ဍကိုပါ အားထားလျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးလုပ်ငန်းများ၌ အသိပညာရှင်၊ အတတ်ပညာရှင်များ၏စွမ်းအားကို အခြေခံပြီး ဆည်မြောင်း တာတမံ၊ မြစ်ကူးချောင်းကူးတံတားကြီးများစသည့် အခြေခံအဆောက်အအုံများနှင့် မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်၏အနာဂတ်ကို ရေရှည်မျှော်တွေးပြီး အဘက်ဘက်က ပြင်ဆင်ဆောင်ရွက်ခဲ့မှုများကြောင့် ဆိုင်ကလုန်းမုန်တိုင်းမျိုး ကြုံတွေ့လာရချိန်တွင် ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်သည့် အင်အားများဖြစ်ပေါ်လာရခြင်းဖြစ်သည်။ တိုင်းပြည်၏ရေရှည်အကျိုးကိုကြည့်ပြီး ဆန်စပါးဖူလုံစေရေးအတွက် ဆည်တမံများ တည်ဆောက်ပေးခဲ့ရာ စစ်ကိုင်းတိုင်းသည် ဧရာဝတီတိုင်းကဲ့သို့ တိုင်းပြည်၏ စပါးကျီဖြစ်လာခဲ့သဖြင့် စားရေးအတွက် ဖူလုံပိုလျှံနေပြီဖြစ်သည်။

ပို့ဆောင်ရေးကဏ္ဍတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အဆင့်မြှင့်တင်ခဲ့ရာ ကုန်တင်လေယာဉ်ကြီးများ ဆင်းသက်နိုင်ခဲ့ပြီဖြစ်သည်။ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၌လည်း ခေတ်မီကုန်တင်ကုန်ချကိရိယာများ တိုးချဲ့တပ်ဆင်ပေးခဲ့သဖြင့် ကုန်တန်ချိန်တစ်သောင်းကျော်ရှိ ကုန်သင်္ဘောများ ဆိုက်ကပ်နိုင်သည့်အတွက် နိုင်ငံတကာလေဘေးကူညီထောက်ပံ့မှုများ လွယ်ကူစွာ ပို့ဆောင်ပေးနေခြင်းဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအား၊ လူမှုရေးအသင်းအဖွဲ့များ၏ စွမ်းအားများသည် လေဘေးသင့်ဒေသများ၏ ကယ်ဆယ်ရေးနှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အချိန်တိုအတွင်း ပြီးမြောက်အောင်မြင်စေရေး အထောက်အကူပြုလျက် ရှိသည်။ အဆိုပါ ဖြစ်ထွန်းနေမှုများသည် နိုင်ငံတော်က ပညာရေးကိုအခြေခံပြီး မျိုးဆက်သစ်လူငယ်များ အပါအဝင် ပြည်သူတစ်ရပ်လုံး စိတ်ဓာတ်နှင့်ပညာရည်အရည်အသွေးပါ မျှတစွာတိုးတက်မြင့်မားလာစေရေးအတွက် စနစ်တကျ ကြိုးပမ်းဖော်ဆောင်မှု၏ ရလဒ်ကောင်းပင်ဖြစ်သည်။

ယခုအခါ မျိုးဆက်သစ်လူငယ်များ အပါအဝင် ပြည်သူတစ်ရပ်လုံး သတင်းနှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်သည့် အရည်အသွေးနှင့် အခွင့်အလမ်းများရရှိနေပြီး နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကို မှန်ကန်စွာခွဲခြားသိမြင်ကာ အမျိုးသားရေး အကျိုးအတွက် ဖော်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်၌ သိပ္ပံနှင့်နည်းပညာရပ်များ အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးကဏ္ဍအနေဖြင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်မွေးထုတ်ပေးရင်း နိုင်ငံတော်၏နယ်ပယ်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာစေရေး နည်းပညာစွမ်းအားဖြင့် ကြိုးပမ်းဖော်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဇွန် ၃ရက်က မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့ ဦးပွားဆုတောင်းပြည့်စေတီတော်ကြီး ဘက်စုံပြုပြင်ရေးအတွက် အများပြည်သူ လှူဒါန်းငွေကျပ် ၁၀၆သိန်း ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့က လက်ခံယူစဉ်။ (သတင်းစဉ်)

စာရေးကိရိယာနှင့် ထောက်ပံ့ငွေ ပေးအပ်

ရန်ကုန် ဇွန် ၁၇

တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် အောင်ဓမ္မာရုံ၌ ဇွန်၁၅ရက် ညဂုနာရီက ၂၀၀၈-၂၀၀၉ပညာသင်နှစ်အတွက် စာရေးကိရိယာများ ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ပျားရည်ကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်းနှင့်အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များ၊ အောင်ဓမ္မာရုံ ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် ဝေယျာဝစ္စအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မူလတန်းအဆင့်မှ အထက်တန်းအဆင့်အထိ ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများနှင့်ထောက်ပံ့ငွေများကို တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၁၇

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ အမေရိကန်ပြည်ထောင်စုမှ လှူဒါန်းသော ရေသန့်များ၊ ရွက်ဖျင်တဲများ၊ တာပေါ်လင်များ စုစုပေါင်း၂၀ ဒသမ၀၃တန်သည် C-130 လေယာဉ်သုံးစင်းဖြင့် ယမန်နေ့နံနက် ၉နာရီ ၁၂မိနစ်၊ နံနက် ၉နာရီ ၂၈မိနစ်နှင့် မွန်းလွဲ ၁နာရီ၁၀မိနစ်တို့တွင် လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှ လှူဒါန်းသော တာပေါ်လင်အထုပ် ၄၈၀ စုစုပေါင်း ၁၉ဒသမ၃၉၂တန်သည် AN-12 လေယာဉ်ဖြင့် နံနက် ၁၀နာရီ ၂၈မိနစ်တွင် လည်းကောင်း၊ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှလှူဒါန်းသော အသင့်စားသုံးနိုင်သော အစားအစာများ၊ နို့မှုန့် ၁၁၈ထုပ်၊ ခေါက်ဆွဲခြောက်ထုပ် ၄၃၃ပါကင်၊ ပလတ်စတစ်စ ၃၇၅ပါကင်၊ စောင် ၂၄၄ထုပ် စုစုပေါင်း ၅၃ဒသမ၅၉တန်သည် IL-76 လေယာဉ်နှစ်စင်းနှင့် AN-12 လေယာဉ်တစ်စင်းတို့ဖြင့် နံနက် ၁၀ နာရီ ၅၉မိနစ်၊ နံနက် ၁၁နာရီ ၄၈မိနစ်နှင့် မွန်းလွဲ ၁၂နာရီ ၅၂မိနစ်တို့တွင် လည်းကောင်း၊ ထိုင်းနိုင်ငံအစိုးရမှ လှူဒါန်းသော အစားအစာများ၊ ဆေးမျိုးစုံ၊ အဝတ်အထည်များ၊ ရေသန့်များ၊ စောင်များ၊ အိပ်ရာခင်းများ စုစုပေါင်း ၁၉ ဒသမ ၀၈တန်သည် C-130 လေယာဉ်နှစ်စင်းဖြင့် နံနက် ၁၁နာရီခွဲနှင့် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တို့တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။ **(သတင်းစဉ်)**

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ရွှေမဥ္ဇူ ၂လမ်း အမှတ်၂၁၈နေ ဦးသောင်းကွန့်-ဒေါ်မြင့်မြင့်စန်း မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်နှင့် ဦးဟံညွန့်တို့က လက်ခံယူကြသည်။**(အောက်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆နှင့် ၇၁၀၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၈-၆-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ အမျိုးသားရေးတေးကဗျာ
၅:၂၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၃၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၄၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၄)
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း -၇၆)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း-၂၁)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် (၅)မိုင် ကယ်ဆယ်ရေး စခန်းတွင် ကလေးငယ်များအား ယာယီကျောင်းဆောင်ဖြင့် စာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောက်ကလပ်ကျေးရွာမှလေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြပြီး ဆယ်တင်ပစ္စည်းများနှင့်ဒေသန္တရထွက်ပစ္စည်းများဖြင့်ပေါင်းစပ်၍ ပြန်လည်တည်ဆောက်ထားသည့် ယာယီတဲအိမ်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောက်ကလပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိကြပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ ကျောင်းအဆောက်အအုံများ ပြုပြင်ပြီးစီးမှုအခြေအနေ၊ ကလေးများအား စာသင်ကြားပေးနေမှု အခြေအနေများကို မေးမြန်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယာယီကျောင်းဆောင်၌ စာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လေမုန်တိုင်းကြောင့် ပျက်စီးသွားသည့် ကျောင်းဆောင်များ ပြုပြင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြရာ သိဏ်းဆောက်လုပ်ရေး ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးမျိုးသိမ်းက ကျောက်ကလပ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ အပါအဝင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းလေဘေးသင့်ဒေသ အတွင်းရှိ စာသင်ကျောင်းများနှင့် ဘုန်းကြီးကျောင်းများ ပြုပြင်ပြီးစီးမှု အခြေအနေများကို မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်ကလပ်ကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

တက်ရောက်အားပေး

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းခန်းမ၌ ကျင်းပသည့် ကျောင်းသုံးစာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ မိမိဦးဆောင်သည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကျောက်ကလပ်ကျေးရွာအပါအဝင် လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရာ၌ လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးရန် လာရောက်ခြင်း ဖြစ်ကြောင်း။

အဆင့်မြှင့်တင်

ကျောက်ကလပ်ကျေးရွာကို ပြန်လည်တည်ဆောက်ရေးဆောင်ရွက်ရာတွင် ကျေးရွာ၏ လူမှုစီးပွားရေးဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးသာမက ဒေသအတွင်းပညာအခြေခံ တတ်မြောက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးကိုပါမျှော်မှန်းပြီး လက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

သို့ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံတော်က အားထားရသည့် ပညာတတ်များဖြစ်လာအောင် ကြိုးစားသွားရမှာဖြစ်ကြောင်း။

ပြုစုပျိုးထောင်

ဆရာ၊ ဆရာမများကလည်း မိမိတို့၏တပည့်များကို ပညာတတ်မြောက်အောင် သင်ကြားပေးသည်သာမက ကိုယ်ကျင့်တရားကောင်းအောင်၊ စည်းကမ်းနှင့်ဥပဒေများကို လေးစားလိုက်နာတတ်သူများဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ကျောင်းသုံးစာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့ငွေများကို ကျောင်းအုပ်ကြီး ဦးကျင်ရွှေအားပေးအပ်သည်။

ကျောင်းဝတ်စုံများပေးအပ်

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အတွက် ကျောင်းဝတ်စုံများကို ပေးအပ်သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ လက်ဆောင်ပစ္စည်းများကို ဟိုင်းကြီး တပ်နယ်မှ ဗိုလ်မှူးချုပ် မျိုးမြင့်သန်းက ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ဆက်လက်၍ သိဏ်းဆောက်လုပ်ရေးကုမ္ပဏီ၊ မေတ္တာဖောင်ဒေးရှင်းအဖွဲ့နှင့် မိုးကြယ်စင်ကုမ္ပဏီတို့က ငွေကြေးထောက်ပံ့မှု အပါအဝင် ကျောင်းသုံးစာအုပ်နှင့် စာရေး ကိရိယာများကို ကျောင်းအုပ်ကြီးသို့ ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အားပေးနှုတ်ဆက်

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုများကို လိုက်လံကြည့်ရှု၍ အားပေးနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုန်တိုင်းကြောင့် နေအိမ်များ ပျက်စီးခဲ့ရသည့် လေဘေးသင့်ပြည်သူများအား နေရာချထားပေးနိုင်ရန် ကျောက်ကလပ် ကျေးရွာအနီးရှိ လေကာ၊ ရေကာရနိုင်သည့် မြေနေရာများကို ကြည့်ရှုကြသည်။

စီမံဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုန်းတော်ပြည့်ကျေးရွာ အခြေခံ ပညာ မူလတန်းလွန်ကျောင်းကို ဝင်ရောက်၍ ယာယီကျောင်းဆောင်ဖြင့် စာသင် ကြားနေမှုများကို ကြည့်ရှုအားပေးကြပြီး ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာဖြင့် စာပေသင်ကြားနိုင်ရေး စီမံဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အုတ်တွင်းကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြပြီး ဝန်ကြီးချုပ်က လေဘေးသင့်ပြည်သူများ၏ နေရေး၊ စားရေး၊ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအလိုက် အလုပ်အကိုင်များ ပြန်လည်လုပ်ကိုင်နိုင်ရေး တို့အတွက် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို တာဝန်ရှိသူများအား မှာကြားသည်။

ပြင်စလူမြို့

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီခွဲတွင် အုတ်တွင်း ကယ်ဆယ်ရေးစခန်းမှ လပွတ္တာမြို့နယ် ပြင်စလူမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိ ကြသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ငပုတောမြို့နယ် ကျောက်ကလပ် ကျေးရွာမှ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံ များ ဆောက်လုပ်မှုအခြေအနေကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြင်စလူမြို့ ပြန်လည်တည်ဆောက် ရေးအတွက် စက်ယန္တရားဖြင့် မြေကြီးမြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ကယ်ဆယ်ရေးစခန်း အခြေအနေများကို ကြည့်ရှုကြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ပြင်စလူမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်အကောင်အထည်ဖော်နေမှုများကို တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ဆွေက ရှင်းလင်း တင်ပြပြီး မက်စ်မြန်မာကုမ္ပဏီမှ တာဝန်ရှိသူများကလည်း ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ၌ ကုမ္ပဏီ၏ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ပြင်စလူမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း များတွင် လာရောက်ကူညီဆောင်ရွက်လျက်ရှိသည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရန်ကုန် တိုင်းနှင့်ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား နှုတ်ဆက်အားပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ပြင်စလူမြို့မှ လပွတ္တာမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး လပွတ္တာမြို့တည်ဆောက်ရေးလုပ်ငန်း များကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် လပွတ္တာမြို့မှ မော်လမြိုင်ကျွန်း-ကျိုက်လတ်-မအူပင်-ရန်ကုန်လမ်းကြောင်းအတိုင်း ပြန်လည်ထွက်ခွာ ၍ လမ်းတစ်လျှောက်ရှိ မြို့ရွာများ အခြေအနေ၊ မိုးစပါးစိုက်ပျိုးရေးအတွက် ထွန်ယက် ပြီးစီးမှု၊ ပျိုးထောင်ထားမှုနှင့် စိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုပြီး ရန်ကုန်မြို့သို့ မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နယုန်လပြည့် မဟာသမယနေ့

- မဟာသက္ကရာဇ်၊ တစ်ရာ့ရှစ်ခု
နှသစ်ရှွန်းကြည်၊ ပုဏ္ဏမီလမင်း
ထွက်ပြူလင်းစ၊ နယုန်လပြည့်
ထူးသည့်နေ့မြတ်၊ ကပ္ပိလဝတ်
ထွက်ချာပြည်မှ၊ မဟာဝုန်တောကား
သာမောချမ်းမြေ့လှပါဘိ။
- ချမ်းမြေ့ရဂုံ၊ မဟာဝုန်မှာ
ငါးရာရဟန္တာ၊ ရံကာသီတင်းသုံး
သုံးလူ့ထွတ်တင်၊ ဗုဒ္ဓရှင်အား
နဂါးဂဠုန်၊ ခိုလှုံခညောင်း
တစ်သောင်းဆူဝေ၊ ဗြဟ္မေသိကြား
နတ်များစုံလင်၊ ဖူးမြင်လာသော်
သော်တာစန်းလ၊ ပမာတန္ထုန်း
စောမြတ်ဘုန်းသည်၊ ကြည်မြချို့သာ
နှုတ်တော်လျှာမှာ၊ မဟာသမယ
သုတ်တော်လှကို၊ ခယလေးမြတ်
ပရိသတ်အား၊ ဟောမြွက်ကြားသည်
တရားလင်းရောင်၊ ထိန်ဝေတည်း။
- မဟာသမယ၊ ငြိမ်းချမ်းပြယုဂ်
သုတ်ဒေသနာတော်၊ အာနုဘော်ကြောင့်
မနှောင့်ဘေးဘျမ်း၊ အေးချမ်းမြဲစေ
မေတ္တာဝေစည်၊ ဖြန့်ကြက်ရည်၍
ချမ်းမြေ့လုံးစုံ၊ အလင်းဓာတ်ခြုံသည်
နယုန်လပြည့်၊ မဟာသမယနေ့အား
ညွှတ်တွားပူဇော်လိုက်ပါသတည်း။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

ကမ္ဘာ့မြို့ကြီးအချို့၏ ရာသီဥတုအခြေအနေ

ဟောင်ကောင် ဇွန် ၁၇

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇွန် ၁၇ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၂၈°C	လေပြင်းတိုက်၊ မိုးရွာ
တောင်ကိုရီးယား	ဆိုးလ်	၂၆°C	မိုးရွာ
ဂျပန်	တိုကျို	၂၄°C	တိမ်ထူထပ်
ဖိလစ်ပိုင်	မနီလာ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
ဗီယက်နမ်	ဟနွိုင်း	၃၄°C	လေပြင်းတိုက်၊ မိုးရွာ
ထိုင်း	ဗန်ကောက်	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
မလေးရှား	ကွာလာလမ်ပူ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
စင်ကာပူ	စင်ကာပူ	၃၂°C	လေပြင်းတိုက်၊ မိုးရွာ
အိန္ဒိယ	မွမ်ဘိုင်း	၃၁°C	လေပြင်းတိုက်၊ မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၅°C	တိမ်ထူထပ်
အင်ဒိုနီးရှား	ဂျကာတာ	၃၀°C	မိုးရွာ
ဩစတြေးလျ	ဆစ်ဒနီ	၂၀°C	သာယာ

(အင်တာနက်)

လာမည့် သမ္မတရွေးကောက်ပွဲ၌ အိုဘားမားအနိုင်ရရန် ကျူးဘားပြည်သူများ လိုလားလျက်ရှိ

ဝါရှင်တန် ဇွန် ၁၇

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ ကျူးဘားအနွယ် အမေရိကန်နိုင်ငံသားများက သမ္မတရွေးကောက်ပွဲများတွင် ရီပတ်ဘလီကင်ပါတီကိုသာ မဲအပြတ်အသတ်ပေးကြသော်လည်း ထိုနေရာမှ မိုင်၉၀ကွာဝေးသည့် ကျူးဘားနိုင်ငံမှ ကျူးဘားပြည်သူများကမူ ယခုနှစ်အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ ထူးခြားလိမ့်မည်ဟု မျှော်လင့်နေကြသည်။

ငြီးငွေ့

ကျူးဘားပြည်သူများသည် အမေရိကန်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုလုပ်ငန်းများကို အနီးကပ်အာရုံစိုက်စောင့်ကြည့်နေကြပြီး သမ္မတဘုရှ်၏ တင်းမာသော ကျူးဘားဆိုင်ရာမူဝါဒများအပေါ် ငြီးငွေ့လာကြသည်။

သက်သေပြ

ထို့အတွက် ဒီမိုကရက်တစ် သမ္မတလောင်းအိုဘားမား၏ ပြုပြင်ပြောင်းလဲရေးကတိကို လက်ခံလာကြသည်ဟု သက်သေပြလျက်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြပါရှိသည်။

မျှော်လင့်ချက်

၄၆နှစ်ကြာပြီဖြစ်သော ကျူးဘားအပေါ် အမေရိကန် ကုန်သွယ်ရေးပိတ်ပင်မှုကို လျှော့ချပြီး ကျူးဘားအစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် အိုဘားမား၏ သဘောထားက နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်ပြီး ကျူးဘားပြည်သူတို့ဘဝ တိုးတက်လာမည်ဟူသော မျှော်လင့်ချက်များရှိလာစေမည်။

ဒီမိုကရက်တစ်သမ္မတလောင်းအိုဘားမား

ကျူးဘားပြည်သူအများစုအနေဖြင့် အမေရိကန်ရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းကို ဒီမိုကရက်တစ်သမ္မတလောင်းအိုဘားမားက အနိုင်ရစေလိုကြသည်ဟု ဆိုသည်။ **(အင်တာနက်)**

တူရကီနိုင်ငံ၌ ကုန်တင်ရထားမိုင်းဖုံးထိ

အန်ကာရာ ဇွန် ၁၇

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း မူစ်ပြည်နယ်တွင် ဇွန်၁၄ရက်က ကုန်တင်ရထားတစ်စင်း ချောင်းကူးတံတား၌ ဖြတ်ကျော် ခုတ်မောင်းစဉ် မိုင်းဖုံးပေါက်ကွဲသဖြင့် ချောင်းအတွင်း ထိုးကျကာ မီးရထားဝန်ထမ်းသုံးဦး ဒဏ်ရာရရှိကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည်ပြောက်ကျားအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်မျှသာဖြစ်ကြောင်း၊ မကြာသေးမီကာလက ကာဒစ်ရှ်ပြည်နယ်၌ တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ



အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့တောင်ပိုင်းရှိ အထည်စက်ရုံမှ ထုတ်လုပ်သည့် ရိုးရာယဉ်ကျေးမှု အဝတ်အထည်စများကို ဇွန်၁၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

သီရိလင်္ကာ၌ တမီးလ်ကျားသူပုန်တို့ ဗုံးဖောက်ခွဲတိုက်ခိုက်

ကိုလံဘို ဇွန် ၁၇

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်း ဗင်ဗျူနီယာမြို့၌ ဇွန်၁၆ရက် နံနက်ပိုင်းက တမီးလ်ကျားသူပုန်တို့၏ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ၁၂ဦးသေဆုံးပြီး ၂၀ကျော် ဒဏ်ရာရရှိကြောင်း ကာကွယ်ရေးဌာနရုံးအဖွဲ့က သတင်းထုတ်ပြန်သည်။

အဆိုပါဖောက်ခွဲတိုက်ခိုက်မှုသည် ယင်းနေ့ နံနက်၇နာရီ ၁၀မိနစ်တွင် ရဲမှူးရုံး အဆောက်အအုံကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်စဉ်အတွင်း ထိခိုက်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

နှိမ်နင်းခဲ့

ယခင်နှစ် ဇူလိုင်လတွင် သီရိလင်္ကာရှိ တမီးလ်ကျားသူပုန်များအား လုံခြုံရေးတပ်ဖွဲ့က ထိုးစစ်ဆင်နှိမ်နင်းခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

သမ္မတရွေးကောက်ပွဲမတိုင်မီ အကြမ်းဖက်မှု ဟာယာရေးမြို့တော်တစ်ဝိုက်အထိ ပျံ့နှံ့လာ

ဟာယာရေး ဇွန် ၁၇

ယခုလကျင်းပမည့် နောက်ဆက်တွဲ သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရာတွင် နိုင်ငံရေးအကြမ်းဖက်မှုများမှာ မြို့တော်ဟာယာရေး ပတ်ဝန်းကျင်ရှိ မြို့ပြဒေသများသို့ပင် ပျံ့နှံ့လာကြောင်း သတင်းများ၌ ဖော်ပြသည်။

မြို့တော်အနီး မြို့နယ်တစ်ခုအတွင်းတွင် အချို့သော အတိုက်အခံထောက်ခံသူများ တိုက်ခိုက်ခံရသည်ဟုဆိုသည်။

ကျေးလက်ခရိုင်များတွင် အကြမ်းဖက်မှုများ ဖြစ်ပွားစဉ် ဤဒေသမှာ အများအားဖြင့် တည်ငြိမ်အေးချမ်းခဲ့သည်။

ဖမ်းဆီးရိုက်နှက်

အတိုက်အခံပါတီကို ထောက်ခံသူတစ်ဦးက သူ့အနေဖြင့် သမ္မတမူဂါဘီ၏ ဇာနု-ပီအက်ဖ်ပီကို ထောက်ခံသူများ၏ ဖမ်းဆီးရိုက်နှက်မှုခံရကြောင်း သတင်းထောက်များအား ပြောကြားသည်။

ပြန်လွတ်လာ

အတိုက်အခံခေါင်းဆောင် ရှန်ဂီရိုင်းမှာလည်း ကိုးရက်အတွင်း ငါးကြိမ်ဖမ်းဆီးခံရရာမှ စောစောပိုင်းက ပြန်လွတ်လာခြင်းဖြစ်သည်ဆို၏။ **(အင်တာနက်)**

အကြမ်းဖက်သမားဟု မသင်္ကာသူအချို့ အမေရိကန်တို့မှားယွင်းစွာဖမ်းဆီးချုပ်နှောင်ခဲ့

ဝါရှင်တန် ဇွန် ၁၇

ကမ္ဘာတစ်ဝန်းရှိ အမေရိကန် အကျဉ်းစခန်းများ၌ ဖမ်းထားသည့် အကြမ်းဖက်သမားဟု မသင်္ကာဖွယ်ဖြစ်သူများကို စုံစမ်းကြည့်သောအခါ ရာပေါင်းများစွာသော အကျဉ်းသားများမှာ မှားယွင်းဖမ်းဆီးချုပ်နှောင်ခံရကြောင်း တွေ့ရသည်ဟု ဇွန်၁၅ရက်ထုတ် မက်ကလက်ချီသတင်းစာက ဖော်ပြလိုက်သည်။ တိုက်ကြီးသုံးတိုက်ရှိ နိုင်ငံပေါင်း ၁၁နိုင်ငံ၌ ရှစ်လကြာ ယင်းသို့ချဉ်းကပ်စုံစမ်းကြည့်ခြင်းဖြင့် အမေရိကန်သည် ယုတ္တိမတန်သည့် အထောက်အထားများအပေါ် အခြေခံပြီးသင်္ကာမကင်းရှိသူများအား မှားယွင်းချုပ်နှောင်ထားသည်ကို တွေ့ရသည်။

ရှင်းလင်းဖော်ပြ

ဖမ်းဆီးခံရပြီး ပြန်လွတ်လာသူ ၆၆ဦး၊ ဒေသခံအရာရှိ တစ်ဒါဇင်ကျော်နှင့် အမေရိကန်အရာရှိ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားသုံးလေးဦးတို့ကိုလည်း တွေ့ဆုံမေးမြန်းသည့်အပြင် အမေရိကန် စစ်ခုံရုံး အထောက်အထားများနှင့် အခြားမှတ်တမ်းများကိုလည်း လေ့လာသုံးသပ်ကြောင်း သတင်းစာက ရှင်းလင်းဖော်ပြသည်။

စုံစမ်းသိရ

အဖမ်းခံရသူအနည်းဆုံး ခုနစ်ဦးမှာ အမေရိကန် ထောက်ခံသည့် အာဖဂန်အစိုးရဘက်မှဖြစ်ပြီးစစ်သွေးကြွများနှင့်အဆက်အသွယ်မရှိကြောင်း အာဖဂန်အစိုးရအရာရှိများ၏ ပြောပြချက်အရ စုံစမ်းသိရှိရသည် စသည်ဖြင့်သတင်းစာတွင်ဖော်ပြထားသည်။

အမ်အင်န်အေ၊ရိုက်တာ

ပျက်စီး

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ အကြမ်းဖက်သမားများ ဗုံးဖောက် ခွဲ တိုက်ခိုက်သဖြင့် ပျက်စီး သွား သည့် အဆောက်အအုံများကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်အကျဉ်းသားများ ရှာဖွေစဉ် အနည်းဆုံးသူပုန် ၁၅ဦးသေဆုံး

ကဘူးလ် ဇွန် ၁၇

အာဖဂန်နစ္စတန်နိုင်ငံ အကျဉ်းထောင်မှလွတ်မြောက်ထွက်ပြေးသည့် ရာပေါင်းများစွာသော အကျဉ်းသားများ ရှာဖွေရာတွင် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ အနည်းဆုံးသူပုန်၁၅ဦး သေဆုံးကြောင်းသိရသည်။

သေဆုံးသူများမှာ ကန်ဒါဟာအကျဉ်းထောင်မှ လွတ်မြောက်သွားသည့် အကျဉ်းသားများ ပါဝင်မှုရှိ မရှိမသိရသေးပေ။ စစ်သွေးကြွဟု မသင်္ကာဖွယ်ဖြစ်သူ ငါးဦးကိုလည်း ဖမ်းမိသည်ဆို၏။

လွတ်မြောက်သွား

တာလီဘန်စစ်သွေးကြွများ၏ ဇွန်၁၃ရက်က တိုက်ခိုက်မှုကြောင့် အကျဉ်းထောင်မှအကျဉ်းသား ၉၀၀ခန့် လွတ်မြောက်သွားကြောင်း အာဖဂန်နစ္စတန်အရာရှိများက ပြောကြားသည်။ လွတ်မြောက်သွားသူများအနက် တာလီဘန်အဖွဲ့ဝင် ၃၅၀ခန့် ပါဝင်သည်။ **(အင်တာနက်)**

ဘဝအမောပြေ

ဇနီးအပေါ် နိုင်လိုက်ပုံက....

အမျိုးသားသုံးဦးသည် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည်သောက်နေကြရင်း နှစ်ဦးမှာ သူတို့၏ဇနီးသည်များအပေါ် မည်မျှအနိုင်ယူ ဩဇာသက်ရောက်နိုင်ကြပုံများကို ပြောဆိုနေကြသည်။ တတိယအမျိုးသားကမူ ဘာမျှဝင်မပြောဘဲ ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်နေလေသည်။

ခဏမျှကြာသော် ပထမအမျိုးသားနှစ်ဦးက ၎င်းဘက်သို့ လှည့်ကာ မေးလိုက်သည်မှာ...

အမျိုးသားနှစ်ဦး ။ ။ "မင်းကကော မင်းမိန်းမကို ဘယ်လိုများ အနိုင်ရသလဲ ပြောစမ်းပါဦး"

ထိုအခါ တတိယအမျိုးသားက သူတို့နှစ်ဦးဘက်သို့လှည့်ပြီး ပြောလိုက်သည်မှာ-

တတိယလူ ။ ။ "ကိုင်း၊ ငါမင်းတို့ကို ပြောပြမယ်။ မနေ့တုန်းက ငါ့ရှေ့မှာ ငါ့မိန်းမကို ဒူးထောက်ခိုင်းထားတာ"

တတိယလူ၏စကားကို ကြားလိုက်ရသောအခါ ပထမအမျိုးသားနှစ်ဦးမှာ ကြက်သေသေကာ မှင်တက်မိသွားလေသည်။ ထို့နောက် သူတို့နှစ်ဦးက မေးလိုက်ပြန်သည်။

အမျိုးသားနှစ်ဦး ။ ။ "ကဲ-နောက်တော့ကော ဘာဆက်ဖြစ်လဲ"

တတိယလူက လက်ဖက်ရည် လက်ကျန်ကို ရှင်းလိုက်ကာ သက်ပြင်းချရင်း ရေရွတ်လိုက်သည်မှာ-

တတိယလူ ။ ။ "အဲဒီနောက်တော့ မိန်းမက ခုတင်ဘေးမှာ ဒူးထောက်အောက်ငုံ့ကြည့်ပြီး ရှင်ခုတင်အောက်က အခုထွက်ခဲ့စမ်း။ သတ္တိရှိရင် ကျွန်မကို လူလိုသူလို ရင်ဆိုင်စမ်းပါလို့ ငါ့ကို သံကုန်ဟစ်အော်ပြောတော့တာပဲ"

အမျိုးသားနှစ်ဦး ။ ။ "ဟိုက်"

နိုင်ငံတကာမှုခင်းဖြစ်ရပ်

ရှောင်ခွာလို့ စိမ်းရက်သလား ....

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ အရှေ့မြောက်ပိုင်း ဆန်းဒါးလန်းမြို့တွင် ရစ်ချတ်ဆန်ဘရက်ချ်နှင့် နာတာလီဘရက်ချ် (ယာပုံ)တို့ မိသားစု နေထိုင်ကြသည်။ ရစ်ချတ်ဆန်နှင့် နာတာလီတို့သည်လွန်ခဲ့သော၁၆နှစ်ဖြစ်သည့်၁၉၉၂ခုနှစ်ကချစ်ခင်စုံမက် လက်ထပ်ခဲ့ကြသည်။ ထိုစဉ်က ရစ်ချတ်ဆန်မှာ ၃၄နှစ် ရှိနေပြီး နာတာလီကမူ ၁၈နှစ်သမီးသာရှိသေးသည်။သူတို့နှစ်ဦးသည် အရွယ်ချင်းမမျှသော်လည်း အချစ်ချင်းမျှကာ ဘဝတစ်သက်တာ သေတပန်သက်ဆုံး လက်တွဲရန် လက်ထပ်ခဲ့ကြသည်။

သားသမီးယူခဲ့

ရစ်ချတ်ဆန်သည်စက်ရုံတစ်ရုံမှ အလုပ်ကြပ် တစ်ဦးဖြစ်ပြီး နာတာလီမှာမူ အိမ်မှုကိစ္စ လုပ်ကိုင်ကာ သားသမီးများကို ထိန်းကျောင်းရင်း ရစ်ချတ်ဆန်အတွက် ဇနီးကောင်း၊ အိမ်ရှင်မကောင်း မိန်းမကောင်း တစ်ဦး ပီသသူဖြစ်သကဲ့သို့ သားသမီးများအတွက် မိခင်ကောင်း ပီသသူတစ်ဦးလည်း ဖြစ်သည်။ ရစ်ချတ်ဆန်နှင့် နာတာလီတို့ဇနီးမောင်နှံတွင် ယခုအခါ သားသမီး ငါးဦး ထွန်းကားနေပြီဖြစ်သည်။ငါးဦးစလုံးမှာ သမီးများဖြစ်ကာ အကြီးဆုံးသမီးမှာ ၁၃နှစ်ရှိနေပြီဖြစ်ပြီး အငယ်ဆုံးသမီးမှာ ငါးနှစ်သာ ရှိသေးသည်။ သူတို့နှစ်ဦးသည် လက်ထပ်ပြီး နှစ်နှစ်အကြာ ၁၉၉၄ခုနှစ်ရောက်မှသားသမီး ယူခဲ့ပြီး ၁၉၉၅ခုနှစ်တွင် သမီးဦးကို မွေးဖွားခဲ့သည်။

တကွဲတပြားစီဖြစ်

ရစ်ချတ်ဆန်သည် သူ၏ဝင်ငွေနှင့် မိသားစု ခုနစ်ဦးအတွက် ရှန်းကန်နေရသူဖြစ်ပြီး သားသမီးများအား လူတန်းစေ့ နေနိုင်ရုံသာ စောင့်ရှောက်နိုင်ကာ ငွေကြေးပိုလျှံမှု မရှိသလောက်ဖြစ်သည်။သို့သော်လည်း သူတို့ဇနီးမောင်နှံနှစ်ဦးသည်ရတတ်သမျှနှင့်ရောင့်ရဲနိုင်သူများပီပီ ဘဝကို စိတ်အေးချမ်းသာ ငြိမ်းချမ်းစွာ ဖြတ်သန်းလာခဲ့ကြသည်မှာ အိမ်ထောင်သက် ၁၆နှစ်ရသည့် ၂၀၀၈ခုနှစ်အထိပင်ဖြစ်သည်။ သူတို့ဇနီးမောင်နှံတွင်ပြဿနာတစ်စုံတစ်ရာ ကြီးကြီးမားမား မရှိခဲ့ပေ။ ချစ်ခင်သင့်မြတ် စည်းလုံးစွာနေထိုင်ခဲ့ကြသည်။ ကံကြမ္မာ ဖန်လာသောတစ်နေ့တွင်မူ သူတို့မိသားစု တကွဲတပြားစီဖြစ်

ကြရမည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။

တိုင်ကြား

၂၀၀၈ခုနှစ်မေ၇ရက်တွင်ရစ်ချက်ဆန်သည် အလုပ်တွင် အချိန်ပိုဆင်းကာ ညမိုးချုပ်စပြန်လာချိန်တွင်သူ၏အိမ်မှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ သဖြင့် အံ့ဩတုန်လှုပ်ခဲ့ရသည်။ ထို့ကြောင့် အိမ်အတွင်း ဝင်ရောက်ခဲ့သောအခါတွင်လည်း ဇနီးသည်နှင့် သားသမီး ငါးဦးကို လုံးဝ အစအနပင်မတွေ့ရတော့ပေ။ ပတ်ဝန်းကျင်ရှိ အိမ်နီးချင်းများကိုမေးကြည့်သောအခါတွင်လည်း အပြင်သို့ သားအမိ ခြောက်ဦးစလုံး ထွက်သွားသည်ကိုသာ သိရပြီး ဘာမျှ ဂဃနဏမသိကြချေ။ ထို့ကြောင့် ရစ်ချက်ဆန်သည် ဇနီးနှင့်သမီးများ ပျောက်ဆုံးနေမှုကို သက်ဆိုင်ရာသို့ တိုင်ကြားလိုက်တော့သည်။

ရှာမတွေ့သေး

သက်ဆိုင်ရာ တာဝန်ရှိသူတို့၏ စုံစမ်းစစ်ဆေးချက်အရ ၎င်းတို့သည် နယူးကာဆယ် ဘူတာရုံမှတစ်ဆင့် လန်ဒန်မြို့ရှိ ကင်းခရော့စ်အရပ်သို့ သွားခဲ့ကြသည်ဟု သတင်းကြားရပြန်သည်။ နယူးကာဆယ်ရှိ စီစီတီဗွီကင်မရာကလည်း သူတို့သားအမိများ ပျောက်ဆုံးခဲ့သည့် မေ ၁၇ရက်က ရိုက်ယူထားသည့်အပြင် လန်ဒန်မြို့ ကီးခရော့စ် ဘူတာရုံရှိ ကင်မရာများက သူမတို့အား ရိုက်ကူးထားသည်ဟု သိရသော်လည်း သူမအား ရှာမတွေ့သေးပေ။ ထိုဓာတ်ပုံအရ သူမသည် ဂျင်းဘောင်ဘီအပြာ၊ အင်္ကျီအပြာရောင်အပေါ်တွင် ခန္ဓာကိုယ်၏ သုံးပုံနှစ်ပုံရှိ အနီရောင်ကုတ်အင်္ကျီအရှည် ခေါင်းစွပ် အနက်ရောင်တို့ကို ဝတ်ဆင်ထားကြောင်း သိရသည်။

စိမ်းရက်သူရယ်

ရစ်ချတ်ဆန်အနေဖြင့်ရုတ်တရက် မိသားစုဝင်များ ပျောက်ဆုံးနေမှုကြောင့် ခေါင်းမီးတောက်ကာ ရတက်မအေး ဖြစ်နေရသည်။ သွေးရိုး၊ သားရိုး ရှောင်တိမ်းသွားခြင်းလား၊ရာဇဝတ်မှု မကင်းသော ဖြစ်ရပ်လား ဆိုသည်ကို မဝေခွဲနိုင်သေးချေ။ ရစ်ချတ်ဆန်ဘရက်ချ်အနေဖြင့်မူ ဇနီးသည် နာတာလီဘရက်ချ်အား ရှောင်ခွာပြေးလို့ စိမ်းရက်သူရယ် တစ်သက်တာ သတ်မှတ်ယူဆရမည်လား ဆိုသည်ကိုမူ အချိန်ကသာ အဆုံးအဖြတ်ပေးမည်ဟု ကိုးကား ရေးဖွဲ့လိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးသားသည်

တရုတ် မော်တော်ဆိုင်ကယ်များ ချီလီ၌ ရောင်းအားကောင်း

ဆန်တီယားဂို ဇွန် ၁၇

ချီလီနိုင်ငံသည် တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် မော်တော်ဆိုင်ကယ်များ(ယာပုံ)ကို ၂၀၀၃ခုနှစ်က စီးရေ ၄၀၀၀သာ တင်သွင်းခဲ့ရာမှ ၂၀၀၇ခုနှစ် အရောက်တွင် စီးရေ ၇၀၀၀၀ အထိ တင်သွင်းရောင်းချနိုင်ခဲ့ကြောင်း ချီလီနိုင်ငံ၏ အဓိက မော်တော်ယာဉ်နှင့် ဆိုင်ကယ်တင်သွင်းရေး ကုမ္ပဏီတစ်ခုက ဇွန် ၁၇ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

ဆိုင်ကယ်စီးနင်းရာ၌ လွယ်ကူမြန်ဆန်မှုနှင့် ကြာရှည်စွာအသုံးပြုပါက ယာဉ်အန္တရာယ်ရှိပုံတို့ကို ချီလီနိုင်ငံသားများပိုမိုသိရှိလာသည့်အတွက် ဆိုင်ကယ်ရောင်းအားမှာ မြင့်တက်လာသည်။

တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် မော်တော်ဆိုင်ကယ်များမှာ အရည်အသွေး ကောင်းမွန်သည့်အပြင် ဈေးနှုန်းမှာ သင့်တင့်မျှတမှုရှိသည့် အတွက် ချီလီနိုင်ငံသားများ ပိုမိုနှစ်သက်သဘောကျခဲ့ကြသည်။

ဈေးကွက်အသာစီးရ

ချီလီနိုင်ငံ၌ မော်တော်ဆိုင်ကယ် တင်သွင်းမှု၏ ၇၅ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံမှဖြစ်ကြောင်း၊ ချီလီနိုင်ငံအတွင်း တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် ဆိုင်ကယ်တစ်စီးလျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၉၅၀ ဖြင့် ရောင်းချလျက်ရှိသည့်အတွက် ဂျပန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံများထက် ဈေးကွက်တွင် အသာစီး ရရှိနေကြောင်း သိရသည်။ **(အင်တာနက်)**

ဘဝဒဿနအမြင်

* *Praising all alike is praising none.*
  လူအားလုံးအား တစ်ပုံစံတည်း ချီးကျူးခြင်းသည် မည်သူ့ကိုမျှ ချီးကျူးခြင်း မဟုတ်ပေ။
  ဂျွန်ဂေး (အင်္ဂလိပ်လူမျိုးကဗျာနှင့်ပြဇာတ်ရေးဆရာ)

* *Wonder is the first cause of philosophy.*
  အံ့အားသင့်ခြင်းသည် တွေးခေါ်မြော်မြင်မှုကို ဖြစ်ပေါ်စေသည့် ပထမဆုံးသော အကြောင်းတရားပင် ဖြစ်သည်။
  အရစ္စတိုတယ် (ဂရိလူမျိုးအတွေးအခေါ်ပညာရှင်)

ဥရုဂွေးနှင့် ပနားမား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်

ဥရုဂွေးနှင့် ပနားမား နှစ်နိုင်ငံတို့သည် နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး သဘောတူညီချက်ကို ပနားမားနိုင်ငံ ပနားမားစီးတီးမြို့တော်၌ သဘောတူ လက်မှတ်ရေးထိုး လိုက်ကြသည်။

ပူးပေါင်းလုပ်ကိုင်

ယင်းသဘောတူညီချက်ကို နှစ်နိုင်ငံ သမ္မတနှစ်ဦးနှင့် ထိပ်တန်းအရာရှိများက သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး စီးပွားရေး၊စိုက်ပျိုးရေး၊ ရေကြောင်း သယ်ယူပို့ဆောင်ရေး၊ ယဉ်ကျေးမှုနှင့် တရားစီရင်ရေး ကဏ္ဍများ အပါအဝင် အခြားကဏ္ဍများ၌ပါ ပူးပေါင်းလုပ်ကိုင်ကြမည် ဖြစ်သည်။

မြန်မာ့အလင်း ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ ၁၇-၆-၂၀၀၈

နယူးဇီလန်၌ စားသောက်ကုန်ဈေးနှုန်းမြင့်တက်လာ

နယူးဇီလန်နိုင်ငံအတွင်း စားသောက်ကုန် ဈေးနှုန်းများ မြင့်တက်လာပြီး နံ့စားသီးနှံများဖြစ်သည့် စပါး၊ ဂျုံဈေးနှုန်းများ စံချိန်တင်မြင့်တက်လာမည်ကို စိုးရိမ်နေကြကြောင်း အင်တာနက်သတင်းတွင်ပါရှိသည်။

ထိုသို့မြင့်တက်ခြင်းမှာ အမေရိကတိုက်၌ ရေလွှမ်းမှုများ ဖြစ်ပေါ်ခြင်း၊ စက်သုံးဆီနှင့် ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် ဖြစ်ကြောင်း ရေဒီယိုနယူးဇီလန်က ထုတ်လွှင့်သည်။

လာမည့်နှစ်၌ စပါးနှင့် ဂျုံဈေးနှုန်း ၆၀ရာခိုင်နှုန်း၊ ကြက်ဥဈေးနှုန်း ၁၀ရာခိုင်နှုန်းနှင့် ကြက်၊ ဝက်ဈေးနှုန်း ၈ရာခိုင်နှုန်း ထပ်မံမြင့်တက်လာဖွယ်ရှိကြောင်း ယင်းသတင်းတွင် ပါရှိသည်။

ချီလီနိုင်ငံ လူငယ်များ မူးယစ်ဆေးသုံးစွဲနေမှု အမျိုးသားမူးယစ်တိုက်ဖျက်ရေးအဖွဲ့က အရှိန်မြှင့်တိုက်ဖျက်

ချီလီနိုင်ငံ၌ အသက်၁၃နှစ်မှ၁၈နှစ်ကြားရှိ ဆယ်ကျော်သက်ရွယ် လူငယ်များ၏ ၄၃ရာခိုင်နှုန်းမှာ ကျောင်းများ၌ မူးယစ်ဆေးဝါး သုံးစွဲလျက်ရှိကြောင်း၊ အမျိုးသားမူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနက အရှိန်မြှင့်တိုက်ဖျက်နေကြောင်း ပြောကြားသည်။

မြင့်တက်လာ

မူးယစ်ဆေးဝါးသုံးစွဲသူ လူငယ်များ၏ ၅၃ရာခိုင်နှုန်းမှာ ကျောင်းအတွင်း သို့တည်းမဟုတ် ကျောင်းအနီးဝန်းကျင်တွင် ဈေးပေါပေါဖြင့်ရသည့် မူးယစ်ဆေးဝါးများကို သုံးစွဲလျက်ရှိကြောင်း၊ ယင်းမှာ၂၀၀၅ခုနှစ်ကထက် မြင့်တက်လာခဲ့ကြောင်း ယင်းဌာနကပြောကြားသည်။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ရေနံဈေးနှုန်း ကျဆင်းလာ

ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်း ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၃၉ဒသမ၈၉ဒေါ်လာသို့ စံချိန်တင်မြင့်တက်ခဲ့ရာမှ ဆော်ဒီအာရေဗျနိုင်ငံက ရေနံတိုးမြှင့်ထုတ်လုပ်မည်ဟု ကတိပေးလိုက်သည့်အတွက် ရေနံဈေးနှုန်းမှာ အနည်းငယ်ကျဆင်းခဲ့ကြောင်း နယူးယောက် ရေနံဈေးကွက် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကျဆင်းလာ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းအား ကမ္ဘာ့ရေနံထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံမှ ဇွန်နှင့် ဇူလိုင်လအတွင်း တစ်နေ့လျှင် ရေနံစိမ်းစည်နှစ်သိန်း တိုးထုတ်လုပ်မည်ဟု ပြောကြားခဲ့သည်။ သို့အတွက် ရေနံစိမ်းစည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၃၄ဒသမ၄၁ဒေါ်လာသို့ ကျဆင်းလာခဲ့ကြောင်း သိရသည်။

ဗီယက်နမ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကွမ်နမ်ပြည်နယ်တွင် ကြက်ငှက်တုပ်ကွေး ဖြစ်ပွားသည့် နေရာဒေသများ ပိုမိုများပြားလာကြောင်းဒေသတွင်းသတင်းစာများက ရေးသားဖော်ပြသည်။

ကွမ်နမ်ပြည်နယ် ဆွမ်တမ်ဒေသတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးခြံများ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသဖြင့် ကြက်ကောင်ရေ ၆၉၀ကို သုတ်သင်ရှင်းလင်းခဲ့သည်။

မြန်မာ့အလင်း အင်တာနက်သဘာဝဘေးအန္တရာယ် ဖောင်ပိတ်သတင်း

ကင်ညာနိုင်ငံ တာနာမြစ်ဝကျွန်းပေါ်ဒေသ၌ ရေကြီး ပြည်သူထောင်ပေါင်းများစွာတို့ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးရ

တာနာ (ကင်ညာ) ဇွန် ၁၇

ကင်ညာနိုင်ငံ တာနာမြစ်ဝကျွန်းပေါ် ဒေသ၌ လွန်ခဲ့သော ငါးရက်က မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် လူထောင်ပေါင်းများစွာတို့အား ဘေးအန္တရာယ်ကင်းလွတ်ရာ နေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြောကြား

ထိုသို့ရေကြီးမှုကြောင့် သီးနှံစိုက်ခင်းများလည်း နစ်မြုပ်ခဲ့ရကြောင်း၊ တာနာမြစ်ရေကြီးမှု ကာကွယ်ထားသော တာတမံများ ကျိုးပေါက်ပါက ပိုမို၍ဆိုးရွားလာနိုင်ကြောင်း ခရိုင်ကော်မရှင်အကြီးအကဲ ချားလ်မိုနာရီက ပြောကြားသည်။

ပါဝင်

အဆိုးရွားဆုံးရေဘေးဒဏ် ကြုံတွေ့နေရသည့် ဒေသများမှာ အမ်နာဇီနီ၊ တာရက်ဆာ၊ ကိုနာမာဆာနှင့် ချာရာဒေသများ ဖြစ်ကြသည်။

စုစည်းတင်ပြသူ-မြင့်မောင်စိုး

တရုတ်တောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ်၌ ရေကြီး

ကွမ်ကျိုး၊ ဇွန် ၁၇

တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ်သည် ဇွန်၁၆ရက်က မြစ်နှစ်စင်းအပြိုင် မြစ်ရေလျှံမှုကြောင့် ပုလဲမြစ်ဝကျွန်းပေါ်ဒေသကို မြစ်ရေများလွှမ်းခဲ့ပြီး အဆိုးရွားဆုံး ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရကြောင်း ဆင်ဟွာသတင်း၌ဖော်ပြသည်။

စီကျန်းမြစ်ရေများသည် တစ်စက္ကန့်လျှင် ကုဗမီတာ၄၆၈၀၀နှုန်းဖြင့် စီးဆင်းပြီး ပေကျင်းမြစ်မှာ တစ်စက္ကန့်လျှင် ၁၅၂၀၀ ကုဗမီတာနှုန်းဖြင့် စီးဆင်းခဲ့ရာ ဖိုရှန်မြို့ကို မြစ်ရေများဝိုင်းမိနေကြောင်း ဂွမ်ဒေါင်းရေကြီးမှုထိန်းချုပ်ရေးရုံးက ကြေညာသည်။

ထိုသို့ အန္တရာယ်ကြီးမားစွာ မြစ်ရေလျှံရခြင်းမှာ ရေကြီးချိန်တွင် ဒီရေတက်လာခြင်းကြောင့်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ဂျပန်၌လှုပ်ခဲ့သောငလျင် သေဆုံးသူ၁၀ဦးရှိလာ

တိုကျို ဇွန် ၁၇

ဂျပန်နိုင်ငံမြောက်ပိုင်း၌ မကြာမီက လှုပ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် သေဆုံးသူ ၁၀ဦးအထိ ရှိသွားပြီဖြစ်ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် အဆိုးရွားဆုံးဖြစ်ပွားသည့် ဒေသများ၊ တောင်တန်းဒေသများသို့ သွားရောက်ကာ အသက်ရှင်ကျန်ရစ်သူများအား ရှာဖွေလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

စနေနေ့က လှုပ်ခဲ့သော အင်အား ၇ဒသမ၂ရှိသည့် အဆိုပါ ငလျင်သည် အိုင်ဝါတေး ပြည်နယ်မြောက်ပိုင်း မြေအောက် ငါးမိုင်ခန့်အကွာကို ဗဟိုပြုလျက် လှုပ်သွားခြင်းဖြစ်သည်။

ဂျပန်တပ်ဖွဲ့ဝင်များသည် အဆိုးရွားဆုံး ဖြစ်ပွားသည့် ယင်းဒေသသို့ သွားရောက်ကာ မြေကြီးများကိုတူးလျက် အသက်ရှင်ကျန်ရစ်သူများအား ရှာဖွေဆဲဖြစ်ကြောင်း၊ ၁၂ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

ဘုရားအနေကဇာတင်နှင့် ဆေးပဌာန်းရွတ်ဖတ်ပူဇော်ပွဲ

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၌ ခုနစ်ရက်သားသမီးများနှင့်တကွ ကမ္ဘာ့သူ ကမ္ဘာ့သားများ ဘေးအန္တရာယ်ကင်းရှင်းပြီး ကပ်ကြီးသုံးပါးမှ လွန်မြောက်စေရန်ရည်ရွယ်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဆရာတော်ကြီးနှင့် ပြည်တွင်းပြည်ပ သာသနာပြု ဓမ္မကထိက အောင်စကြာအရှင်စန္ဒသိရီ (ဓမ္မာစရိယ)တို့က အမှူးပြုလျက် ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်နှင့် အသံမစဲဆေးပဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ၁၃၇၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၂၊၃၊၄ရက် (ဇွန် ၂၀၊ ၂၁၊ ၂၂ရက်)များတွင် သုံးရက်တိုင်တိုင် ကျင်းပမည်ဟု သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၈-၆-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်း သာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အဖွဲ့ဝင် ဧရာဝတီတိုင်း ပုသိမ်မြို့ နိကြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တဝိသုတ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) ဟောကြားတော်မူအပ်သော **“ငြိမ်းချမ်းသူတို့ ခိုမှီးရာ ပြည်ခေမာတရားတော်”**
- ၈း၂၀ ၅။ အကပဒေသာ
- ၈း၃၀ ၆။ International News

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၂၅ ၃။ ဓမ္မပူဇာတေးအစီအစဉ်
- ၄း၄၀ ၄။ လက်ဆင့်ကမ်းဝေဂီတအမွေ
- ၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၀ ၆။ **‘ကျော်သွားမှာလား ဖော်စားမှာလား’** ခန့်စည်သူ၊ပုလဲဝင်း၊ သက်မွန်မြင့်၊ ဟေမာန်အောင်အောင်၊ မယ်လိုဒီ (ဒါရိုက်တာ- မလိခစိုးထိုက်အောင်)
- ၅း၁၅ ၇။ **ကမ္ဘာ့သွေးလှူရှင်များနေ့** အထိမ်းအမှတ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဘဏ်စမ်း ပဟေဠိပြိုင်ပွဲ
- ၅း၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ နယုန်လပြည့် မဟာသမယ ကြီးကျယ်ထူးမြတ်သည့် အခါတော်နေ့
- ၇း၀၀ ၁၂။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၇း၂၀ ၁၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ မြန်မာရုပ်ရှင် **သံယောဇဉ်ယှဉ်စွန်းတန်း** ကျော်ဟိန်း၊ နိုင်းနိုင်း၊ ထက်ထက်မိုးဦး (ဒါရိုက်တာ- ညွှန့်မြန်မာညီညီအောင်)
- ၁၈။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

ဇွန် ၁၇ရက်က ရန်ကင်းမြို့နယ် အမှတ် ၄ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ အင်ဂျင်နီယာ ဦးဝင်းတင့်နိုင်ဦးက MF AL HUDAH သင်္ဘောမှ သင်္ဘောသားများလှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၃၀၀၊ ဦးသိန်းထွန်း-ဒေါ်ရီရီတာ၊ သား အောင်ဖြိုးထွန်းတို့က စားပွဲတင် တင်းနစ်ခုံတစ်လုံးနှင့် ဒေါ်ချယ်ရီအောင် (ရန်အောင်စာပေ)က ငွေကျပ် ၆၀၀၀၀ တန်ဖိုးရှိ စာအုပ်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးခင်မောင်ညွန့် (လျှပ်တစ်ပြက်ဂျာနယ်)က လက်ခံရယူပြီး ကျေးရွာစာကြည့်တိုက်များအတွက် မဂ္ဂဇင်း၊ ဂျာနယ်ပေါင်း ၁၄၀၄အုပ်ကို မြို့နယ် ပြန်/ဆက် ဦးစီးဌာနမှတစ်ဆင့် ထပ်ဆင့်ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းအေးက လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း မိုးလေဝသသတင်း

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးနိုင်

သန်းဇော် ကိုးကားတင်ပြသည်

ရန်ကုန် ဇွန် ၁၇

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့၌ ဇွန် ၁၇ ရက်က နေရာကွက်၍ မိုးကြီးခဲ့သည်။ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ကယားပြည်နယ်တို့၌ နေရာကျဲကျဲမိုးရွာသွန်းပြီး ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်ရွာသွန်းကာ ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာသွန်းခဲ့သည်။

မြန်မာနိုင်ငံတစ်ဝန်း ဇွန် ၁၇ ရက်၌ ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

သံတွဲမြို့	၇ ဒသမ ၉၆ လက်မ
ခန္တီးမြို့	၄ ဒသမ ၇၂ လက်မ
ရွှေကျင်မြို့	၄ ဒသမ ၄၅ လက်မ
ပူတာအို	၄ ဒသမ ၁၇ လက်မ
ကော့ကရိတ်မြို့	၃ ဒသမ ၂၃ လက်မ
မော်လမြိုင်မြို့	၂ ဒသမ ၉၉ လက်မ
ဘားအံမြို့	၂ ဒသမ ၆၀ လက်မ
ထားဝယ်မြို့	၂ ဒသမ ၄၄ လက်မ
မချမ်းဘောမြို့	၂ ဒသမ ၃၆ လက်မ

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းလျက်ရှိပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

မိုးသက်လေပြင်း

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်နိုင်သည်။ မိုးသက်လေပြင်းကျရောက်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅မိုင်မှ မိုင်၅၀အထိ တိုက်ခတ်နိုင်ပြီး လှိုင်းကြီးမည်ဖြစ်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်သာ ရှိမည်ဖြစ်သည်။

ဇွန် ၁၈ရက် **(ယနေ့)**တွင် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးနိုင်၍ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်ရွာသွန်းပြီး ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးရွာမည်ဖြစ်ပြီး မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲသာ မိုးရွာသွန်းမည်ဖြစ်သည်။

ဇွန်၁၈ရက် **(ယနေ့)**တွင် နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်၌ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာသွန်းမည်ဖြစ်သည်။ ရွာရန်ရာနှုန်း၈၀ဖြစ်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀နှင့် နောက်နှစ်ရက်အတွက် မုတ်သုံလေ အားကောင်းနေဦးမည်ဖြစ်ကြောင်း မိုးလေဝသအခြေအနေများကို ဖော်ပြလိုက်ပါသည်။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇွန် ၁၇

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ ဇွန် ၁၈ရက်မှ ၂၀ရက်အထိ ကျင်းပမည့် ASEAN- China Young Entrepreneurs Workshop သို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင် ဦးညီညီအောင်နှင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင် ဒေါ်သင်းသင်းဆက်တို့သည် ဇွန် ၁၇ရက် နံနက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတည်ထောင်သူ အကြံပေးပုဂ္ဂိုလ် အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်၊ အကြံပေးပုဂ္ဂိုလ် ဒေါ်ဝါဝါထွန်းနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)** (က-ပ)

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် လပွတ္တာမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇွန် ၁၇

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် ဇွန် ၁၂ရက် နံနက် ၇နာရီခွဲက ဦးစီးအရာရှိများလိုက်ပါလျက် ပုသိမ်လေဆိပ်မှ မိုးကာတဲများအား တပ်မတော်ရဟတ်ယာဉ်ဖြင့် တင်ဆောင်ထွက်ခွာပြီး လပွတ္တာမြို့သို့ ရောက်ရှိသည်။ လပွတ္တာမြို့တွင် လပွတ္တာမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွပ်ကဲဆောင်ရွက်နေသော အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် လပွတ္တာမြို့နယ် ပြင်စလူမြို့သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့အား နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးငြိမ်းချမ်းနှင့် တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ လေဘေးသင့် ပြည်သူများအား ယာယီရွက်ဖျင်တဲများတွင် နေရာချထားမှု၊ မျိုးစပါးရောက်ရှိဖြန့်ဝေမှုနှင့် ထွန်ယက်နေမှု၊ မူလကျေးရွာများသို့ ပြန်လည်နေထိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့်ဝန်ကြီးတို့က လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

၎င်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် စစ်ကိုင်း၊ ရန်ကုန်၊ ဧရာဝတီတိုင်းနှင့် ချင်းပြည်နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များက ယာယီရွက်ဖျင်တဲများဆောက်လုပ်မှု၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းရုံးနှင့် တယ်လီဖုန်း တပ်ဆင်ပြီးစီးမှု၊ မြို့နယ်ရုံးများ ပြန်လည် ဖွင့်လှစ်မှု၊ ရဲစခန်းနှင့် တိုက်နယ်ဆေးရုံ ပြင်ဆင်ပြီးစီးမှု၊ ဒေသပြည်သူများ ရွက်ဖျင်တဲများတွင် နေထိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လပွတ္တာမြို့နယ် ပြင်အလန်းကျေးရွာအုပ်စု ပိုးလောင်းကျေးရွာသို့

ရောက်ရှိပြီး အထကခွဲကျောင်းပြင်ဆင်ပြီးစီးမှုနှင့် ယာယီရွက်ဖျင်တဲများ ဆောက်လုပ်၍ ကျောင်းသူ ကျောင်းသားများ စာသင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ (**အပေါ်ပုံ**) ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ဒေသခံပြည်သူများ နေအိမ်ပြင်ဆင်ဆောက်လုပ် နေထိုင်မှုနှင့် ဈေးဆိုင်များဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေး၍ ပိုးလောင်း ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမနအား ဖူးမြော်ကန်တော့ကာ အလှူငွေများဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စမိုင်ခွဲ ရွှေနှင်းဆီကျောင်းလမ်းအမှတ် ၃၂ နေ ဦးအောင်ဇော် - ဒေါ်တင်တင်ခိုင်၊ သား ကိုကိုဇော်၊ သမီး မြတ်သဇင်အောင် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်း တိပိဋကဆရာတော်ကြီး၏ တိပိဋက ရွှေရတု၊ ငွေရတုကျောင်းတော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တီ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်း

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့၏ ပံ့ပိုးမှုတို့ဖြင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တွင် နာယကဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဥက္ကဋ္ဌဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးဇော်မင်းနှင့် ဦးမင်းသိန်း၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်၊ တွဲဖက်အတွင်းရေးမှူး ဦးရေးထက်ဒိုး၊ အလုပ်အမှုဆောင်များအဖြစ် ဦးချမ်းဟန်၊ ဦးကိုကိုလေး၊ ဦးမောင်မောင်မြင့်၊ ဦးလှဝင်း၊ အတွင်းရေးမှူး-ရန်ကုန်ဂေါက်ကလပ်၊ အတွင်းရေးမှူး-မြန်မာဂေါက်ကလပ်၊ ဦးကိုကိုအေး၊ ဦးဇော်ဝင်းနိုင်၊ ဦးမျိုးထွန်းနှင့် ဦးတင့်ဦးတို့ ပါဝင်ကြပြီး မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ရုံးခန်းလိပ်စာကို အမှတ် ၁၂/က ခပေါင်းလမ်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၁၅၅၈၊ ဖက်စ်-၅၀၇၂၉၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာမှ လယ်မြေများအား ထူးထရေးဒင်းဝန်ထမ်းများက လက်တွန်းထွန်စက်များဖြင့် ထွန်ယက်ပေး

ရန်ကုန် ဇွန် ၁၇

မုန်တိုင်းကြောင့် ပျက်စီးသွားခဲ့သည့် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်ရှိ ကြိမ်ချောင်းကြီးကျေးရွာမှ လယ်ယာမြေများကို HTOO Trading Co.,Ltd. နှင့် Air Bagan Co.,Ltd. တို့မှ စက်ပြင်ဆရာများနှင့် ယာဉ်မောင်းဝန်ထမ်းများက ဇွန် ၁၀ရက်မှ စတင်၍ လက်တွန်းထွန်စက်များဖြင့် ထွန်ယက်ပေးလျက်ရှိသည်။ (အောက်ပုံ)

ပို့ဆောင်ပေးခဲ့

HTOO Trading Co., Ltd. နှင့် Air Bagan Co., Ltd. တို့သည် မုန်တိုင်းဒဏ်သင့် ဘိုကလေးမြို့နယ်မှ ကျေးရွာများ အခြေတကျ ပြန်လည်ဖွံ့ဖြိုးနေထိုင်နိုင်ရန်အတွက် မျိုးစပါးများ၊ ထွန်စက်များ ပံ့ပိုးလှူဒါန်းလျက်ရှိပြီး မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် လယ်ယာမြေများကိုလည်း စေတနာ့ဝန်ထမ်းများဖြင့် ကိုယ်တိုင်ကိုယ်ကျ ထွန်ယက် စိုက်ပျိုးပေးလျက်ရှိသည်။ HTOO Trading Co., Ltd. နှင့် Air Bagan Co., Ltd. တို့မှ ဝန်ထမ်းများသည် လယ်ယာမြေများကို ရိတ်သိမ်းပြီးစီးသည်အထိ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဘိုကလေးမြို့နယ်မှ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အခြားအလှူရှင်များက လှူဒါန်းသည့် ပစ္စည်းများကိုလည်း ကူညီပို့ဆောင်ပေးလျက်ရှိသည်။ ဇွန် ၁၄ရက်နှင့် ၁၅ရက်တို့တွင်လည်း စင်ကာပူနိုင်ငံ Institute of Management တွင် ပညာသင်ကြားနေသော မြန်မာကျောင်းသားကျောင်းသူများက လှူဒါန်းခဲ့သော ဆန်အိတ် ၄၄၀ ကို ဘိုကလေးမြို့မှ ကျေးရွာ ၁၀ရွာသို့ ကူညီပို့ဆောင်ပေးခဲ့သည်။

လှူဒါန်း

ဘိုကလေးမြို့မှ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း(T.T.C)(၁၉၇၄မှ ၁၉၈၁)ခုနှစ် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများက ဇွန် ၁၅ရက်တွင် ဘိုကလေးမြို့ ကြိမ်ချောင်းကြီးကျေးရွာသို့ သွားရောက်၍ ဆန်အိတ် ၉၀၊ အဝတ်အထည်၊ စားသောက်ဖွယ်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းကြသည်။

အလှူငွေ

ထို့ပြင် စင်ကာပူနိုင်ငံရှိ Institute of Management ကျောင်းတွင် ပညာသင်ကြားနေကြသော မြန်မာကျောင်းသားကျောင်းသူများက ငွေကျပ် ၅၄သိန်းနှင့် သူငယ်ချင်းမိတ်ဆွေအလှူရှင်များက ငွေကျပ်သိန်း၄၀တန်ဖိုးရှိ ဆန်အိတ်၊ အဝတ်အထည်၊ စောင်၊ ခေါင်းအုံးနှင့် ပစ္စည်းများ၊ အလှူငွေများကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

MRTV-4

ရုပ်မြင်သံကြားအစီအစဉ်

၁၈-၆-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**ကြီးကျယ်မြင့်မြတ် မဟာသမယတရားတော်** သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ
၈း၀၅-၂း၀၅	Industrial Talk
၈း၄၀-၂း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၀၅-၃း၀၅	မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
၉း၂၀-၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅-၃း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅-၃း၃၅	ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ တစ်သက်စာဝိပဿနာ
၁၀း၀၅-၄း၀၅	ရွှင်မြူးသီကြွေး ကဗျာတေး (ဥပုသ်စောင့်)
၁၀း၁၀-၄း၁၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၀း၁၅-၄း၁၅	အရဏ်ဦးမှာကြည်ညိုပူဇော် မန္တလေးမဟာမုနိ ရုပ်ရှင်တော်
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၅-၄း၄၅	**စွဲမက်ဖွယ်ရာရတနာ** (ပုလဲကျက်သရေအလှဝေ) (အပိုင်း-၂)
၁၁း၁၀-၅း၁၀	ပြည်တွင်း သတင်းအကျဉ်း
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	Midweek Sports News
၁၁း၄၀-၅း၄၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၁း၄၅-၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၅-၅း၅၅	သွေးလွန်တုပ်ကွေး ဆိုသည်မှာ (ဒေါက်တာမင်းဆွေ၊ ဒေါက်တာကျော်မြင့်ဝေ)
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅-၆း၂၅	International Video Topics (ပြိုင်ပွဲဝင်စက်ရုပ်များ)
၁၂း၄၅-၆း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀-၆း၅၀	**အမြင့်ပျံငှက်တို့ နားခိုရာ** (စည်သူမောင်၊ ထူး၊ ဇွန်သစ်နိုင်)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကောလာဟလ

သိပ္ပံကျော်ဖေဇော်

အိန္ဒိယနိုင်ငံရဲ့ ဖခင်ကြီး မဟတ္တမဂန္ဒီက ''အင်အားသည် မလွှမ်းမိုး၊ မချုပ်ချယ်နိုင်အောင် ပြင်းထန်သော စိတ်ဆန္ဒ (ဆန္ဒာဓိပတိ)က ပေါ်ထွက်လာခြင်းဖြစ်ပေသည်''ဟု ဆိုခဲ့ဖူးပါတယ်။ လူတွေရဲ့ စိတ်မနောမှာ အချက်အလက်သဘော Fact သာမက ဆုပ်ကိုင်လို့မရတဲ့ စိတ်ကူး၊ စိတ်ကွန့်မြူးတာ Fiction တွေလည်း ပါရှိသေးတာကိုး။ ဒီသဘာဝကို အသုံးချပြီး တိုင်းပြည်ပျက်အောင် ဖျက်ဆီးချင်တဲ့သူအချို့က ကောလာဟလနဲ့ ထိုးနှက်နေတာတွေ့ရပါတယ်။ ကြားရတဲ့စကားတစ်ခွန်းဟာ မှန်မှန်၊ မှားမှား စိတ်လှုပ်ရှားစေနိုင်တာလည်း ကိုယ်တွေ့ကြုံဖူးကြမှာပါ။

နှစ်ဆယ်ရာစု အမေရိကန်စိတ်ပညာရှင် ဝီလျှမ်ဂျိမ်းစ် [William James (၁၈၄၁-၁၉၁၀)]က ရေးဖူးတယ်။ ''ကျွန်တော်တို့ ခေတ်ကာလရဲ့ အကြီးမားဆုံးသော တော်လှန်ပြောင်းလဲမှုကြီးတစ်ရပ်ကတော့ အတွင်းစိတ် သဘောထားကို ပြောင်းလဲလိုက်ခြင်းအားဖြင့် သူတို့ရဲ့ ပြင်ပဘဝအမြင် ရှုထောင့်တွေကိုပါ ပြောင်းလဲစေနိုင်ကြောင်း အထင်အရှား ဖော်ထုတ်တွေ့ရှိလာခြင်းပါပဲ''တဲ့။ နော်မန်ဗင့်ဆင့်၊ ပီးလ် [Norman Vincent Peale (၁၈၉၈-၁၉၉၃)]ဆိုတဲ့ အမေရိကန် စာရေးဆရာ ခရစ်ယာန်ဘုန်းတော်ကြီးကလည်း ''ဖြစ်ရပ်မှန်အချက်အလက်တွေထက် လူတွေရဲ့ စိတ်သဘောထားက ပိုပြီး အရေးကြီးလှတယ်'' Attitudes are more important than facts ဆိုတာကို မကြာခဏ ထည့်ရေးလေ့ရှိပါတယ်။ ထည့်သွင်း ဟောပြောလေ့ရှိခဲ့ပါတယ်။

စာဖတ်သူနဲ့ စာရေးသူတို့ရဲ့ သဘောထားအမြင်ဟာ ပကတိဖြစ်ရပ်တွေနဲ့တင် ရပ်တန့်မနေဘူး။ အဖြစ်မှန်အပေါ်မှာချည်း အဆုံးမသတ်ဘူး။ ထင်မြင်ချက်တွေ၊ မျှော်လင့်မှုတွေ၊ စိုးရိမ်သောကတွေ၊ ကြောက်လန့်မှုတွေ၊ ကျေနပ်မှုတွေ တောင်စဉ်ရေမရ အတွေးတွေနဲ့လည်း ဆက်နွှယ်ပတ်သက်နေတတ်ပါတယ်။ ဟုတ်တယ်နော်၊ ဒီသဘောကို သိတဲ့ အဖျက်သမားအချို့ဟာ ကောလာဟလကို လက်နက်အဖြစ်နဲ့ ပြည်သူတွေ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ဆောင်နေကြတာ တွေ့ရှိရပါတယ်။ သတိထားဖို့ ကောင်းပါတယ်။

သတင်းစာ၊ တီဗွီ၊ ရေဒီယို၊ အင်တာနက်၊ ဂျာနယ်၊ မဂ္ဂဇင်းတွေက အဖြစ်မှန်၊ အခြေအနေမှန်တွေကို နာရီမဆိုင်း အမှန်အတိုင်း ယခင်ကထက် မြန်ဆန်သွက်လက်စွာ ပြန်ကြားထုတ်ဝေနေပေမယ့်လည်း မလိုတမာ အဖျက်သမားတချို့ရဲ့ မဟုတ်မဟတ် ကောလာဟလကို လူအချို့က ဝေဝေဝါးဝါး ထင်ယောင်ထင်မှားဖြစ်တုန်းပဲ။ ကြည့်လေ-

နာဂစ်မုန်တိုင်းတိုက်ပြီးစက ကောလာဟလတချို့ ထွက်လာပြန်ပါတယ်။ အဲဒါက ''ငလျင်လှုပ်ဦးမယ်တဲ့''။

ရန်ကုန်၊ ရပ်ကွက်အချို့ တိုက်တွေပေါ်မနေရဲဘဲ တစ်ညနေလုံး၊ တစ်ညလုံး လမ်းပေါ်ထွက်ထိုင်နေကြရသတဲ့။ သနားစရာကောင်းတဲ့ ရိုးသားသော ပြည်သူလူထုလေ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်မှာ ဘယ်နေရာတွင် ငလျင်ကြီးလှုပ်လိမ့်မယ်ဆိုတဲ့ စကားဟာ မှားမှား မှန်မှန်၊ သူ့ကို အကြီးအကျယ်တုန်လှုပ်ချောက်ချားအောင် ခြောက်လှန့်နိုင်ခဲ့တယ်၊ ဒီစကားဟာ မဟုတ်ပါဘူး။ ငလျင်ဆိုတာ လှုပ်မယ့်အချိန်နဲ့နေရာကို ဘယ်သူမှ တိတိကျကျ ကြိုမသိပါဘူး။ ခေတ်မီ တိုးတက်နေလှပါပြီဆိုတဲ့ သိပ္ပံနဲ့နည်းပညာက ကြိုတင်သိရှိအောင် ကြိုးစားဆဲပါ။ ငလျင်ကို ကြိုပြီးပြောနိုင်အောင် မသိသေးတာ အသေအချာပါ။ အင်းဆက်တွေ၊ ပိုးမွှားတွေ၊ ဖား၊ ဖားပြုပ်၊ တောက်တဲ့နဲ့ ငှက်အချို့က သိသလိုလို ထင်ရတယ်။ တိတိကျကျသိရအောင် သုတေသနတွေ လုပ်နေကြဆဲပါ။ ကမ္ဘာပေါ်မှာ ဘယ်သူမှ ငလျင်ကို ကြိုမသိနိုင်သေး။

မဟုတ်မမှန်စကားနဲ့ ခြောက်လှန့်ခြင်းကိုခံရတာ၊ မှားမှန်း၊ မဟုတ်မှန်း နောက်မှသိရပေမယ့် လွန်ခဲ့တဲ့ သုံးလေးရက်လုံးလုံး ဟုတ်များ ဟုတ်လေမလားလို့ တထိတ်ထိတ် စိုးရိမ်ကြောက်လန့်ခဲ့ရတဲ့ ဒုက္ခကိုတော့ ရန်ကုန်မြို့ ရပ်ကွက်အချို့က လူအတော်များများ ခံစားခဲ့ကြရပါပြီ။ သုံးလေးရက်လောက် မအိပ်နိုင်။

ဟော····လာပြန်ပြီ။

ရေကြီးဦးမယ်။

မုန်တိုင်း နောက်ထပ်တစ်ခုလာဦးမယ်။

ငလျင်အကြီးအကျယ် လှုပ်မယ်····တဲ့။

စသည်စသည် **ပြည်သူလူထုကို ထိတ်လန့်ချောက်ချားအောင် ထုတ်လွှင့်တဲ့ မဟုတ်မမှန် ကောလာဟလတွေဟာ တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ပေါ်ထွက်နေတာ သတိပြုမိပါတယ်။ တမင်သက်သက် ကောက်ကျစ်ညစ်ပတ်တဲ့ အဖျက်သမားတချို့ရဲ့ ပြည်သူလူထုကို တိုက်ခိုက်နှိပ်စက်နေတဲ့ ရည်ရွယ်ချက်ပါ။ နိုင်ငံတော် အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ ခိုင်ခိုင်မာမာ လက်တွဲစည်းလုံးပြီး နိုင်ငံတကာက ချီးကျူး လေးစားလောက်တဲ့ အောင်မြင်မှုကြီးတွေ ရရှိနေတာကို မလိုတမာ မကျေနပ်နေတဲ့ အဖျက်အုပ်စုက ထုတ်လွှင့်နေတာဖြစ်ပါတယ်။**

အခြေအမြစ်လည်း မရှိပါ။

ဘာအထောက်အထားမှလည်း မရှိပါ။

မော်လမြိုင် ရေကြီးမယ်၊ ချောင်းဆုံမြို့ ရေတက်လိမ့်မယ်စတဲ့ ကောလာဟလတွေကလည်း ဒေသခံပြည်သူလူထုကို အစားပျက်၊ အအိပ်ပျက် ချောက်ချားစေပါတယ်။ ဘယ်ကျောင်းက ဘယ်ဘုန်းကြီးကို နေ့စဉ်ရက်ဆက် အိပ်မက်ပေးလို့ ကြိုသိရတာ၊ ဘာဘာညာညာ လုပ်ဇာတ်ခင်းပြီး အကြောင်းပြသူပြတယ်။ (သေသေချာချာ ရေဆုံး ရေဖျားလိုက် စိစစ်တော့ ဘယ်သံဃာတော်ကမှ ဒီလို မပြောဆိုခဲ့ပါ) သံလွင်မြစ်ရေကြီးရင် ဘားအံကမာမောင်းလို ပြန့်ကျယ် ကွင်းပြင်တွေ ရေတက်လေ့ရှိပါတယ်။ ယခင်က မော်လမြိုင်ကိုတော့ ကြီးကြီးမားမား ရေမတက်ခဲ့ဖူးပါဘူးကွယ်။

တရုတ်ပြည် စီချွမ်ပြည်နယ်က အန္တရာယ်ဖြစ်နိုင်တဲ့ ရေကာတာကြီးကို ၁၈-၆-၂၀၀၈ ရက်နေ့မှာ ဖောက်ချလိုက်မှာဖြစ်လို့ ရေတွေ သံလွင်မြစ်ထဲ တစ်ဟုန်ထိုးစီးဝင်လာပြီး ရေကြီးမှာ၊ မော်လမြိုင်မြို့ ကမ်းခြေဒေသတစ်ဝိုက်နေသူတွေ ရေထဲ မျောကုန်နိုင်တယ်။ ရေလုံးအမြင့်က ပေ၂၀ ကျော်မယ်။ ဘာဘာညာညာ ကောလာဟလလွှင့်နေသူ တချို့စကားကို နားယောင်တဲ့လူ အနည်းငယ်လည်း တွေ့ရပါတယ်။ ဟုတ်နိုင်သလားဆရာတဲ့-လာမေးကြတယ်။

မြစ်ရေကြီးတယ်ဆိုတာ မုန်တိုင်းဒီရေလို လှိုင်းအကြီးကြီး မလာနိုင်ပါ။ ဒီရေတက်တာနဲ့ မြစ်ရေတက်တာ အန္တရာယ်ပြင်းထန်ပုံ မတူပါ။ ရေအရှိန်မတူ၊ ရေတက်တဲ့ အနေးအမြန်မတူပါ။ ကြောက်စရာမဟုတ်ပါ။

တကယ်တော့ စီချွမ်ပြည်နယ် ငလျင်လှုပ်ခဲ့တာ မှန်ပါတယ်။ ငလျင်ကြောင့် ရေအိုင်ကြီးက လူနေဒေသကို ခြိမ်းခြောက်တာလည်း မှန်ပါတယ်။ ရေကာတာကို ဖောက်ချနေကြတာလည်း မှန်ပါသေးတယ်။ သို့သော် သံလွင်မြစ်ထဲ ထိုရေတွေ စီးလာမယ်ဆိုတာက ထိုယုတ်မာကောက်ကျစ်သူရဲ့ တမင်ခြောက်လုံး လှန့်လုံး သက်သက်ပါ။ သံလွင်နဲ့ မဲခေါင်မြစ်ကြီး နှစ်စင်းက မြန်မာပြည်မြောက်ဖျား မလိခမြစ်အရှေ့ဘက် မိုင် ၅၀-၁၀၀ လောက် တရုတ်ပြည် ယူနန်ပြည်နယ်ထဲမှာ မြစ်ဖျားခံကြပါတယ်။ သံလွင်မြစ်ဖျားရဲ့ အရှေ့ဘက် ကပ်လျက်အပြိုင် မဲခေါင်မြစ်ကြီး ရှိနေသေးတယ်။ သံလွင်နဲ့ ဧရာဝတီထဲကို ဘယ် တရုတ်ရေကာတာက ရေမှ မစီးဝင်၊ မဖျက်ဆီးနိုင်ပါဘူး၊ မြောက်မှတောင်သို့ယှဉ်လျက် မဲခေါင်မြစ်က အတားအဆီးခံနေလို့ပါ။ ရှင်းပါပြီနော်။ စီချွမ်ပြည်နယ်ဆိုတာ ပိုဝေးသေးတာပ။

''တရုတ်ပြည်မှ ရေကာတာက ရေဖောက်ချတာကြောင့် မော်လမြိုင်မြို့မှာ ရေကြီးနိုင်ကြောင်း၊ မြစ်ရေအမြင့် ၁၅ပေမှ ပေ ၂၀အထိ မြင့်တက်လာမှာ ဖြစ်ကြောင်း၊ ရန်ကုန်မှာလည်း ငလျင်ကြီးတစ်ခု လှုပ်ဦးမှာဖြစ်ကြောင်း၊ အင်တာနက်သတင်းထဲမှာ သေသေချာချာ တွေ့ရကြောင်း'' စသည်···· စသည်····

ဖြူစင်ရိုးသားတဲ့ သာမန်ပြည်သူများရဲ့ မသိ နားမလည်မှုကို အခွင့်ကောင်းယူကာ စိတ်ဓာတ်ချောက်ချားအောင် တမင်ရည်ရွယ်ချက်နဲ့ မဟုတ်မမှန် ကောလာဟလတွေ အမျိုးမျိုးလွှင့်ထုတ်နေကြကြောင်း ကြားသိရပါတယ်။

လားရှိုးမြို့ပေါ်မှာ လူတချို့က ကောလာဟလအဖြစ် ပြောနေကြတာ ရှိပါသေး။ ၂၀-၆-၂၀၀၈ ရက်နေ့မှာ စနေဂြိုဟ်နဲ့ အင်္ဂါဂြိုဟ်တို့ ဆုံစည်းမယ်။ ဒါကြောင့် တိုင်းသူပြည်သားများ ကပ်ကြီးသုံးပါးဆိုက်မယ်၊ မုန်တိုင်းထန်မယ်၊ ရေကြီးမယ်၊ ဆန်စပါးရှားပါးမယ်၊ တိုင်းပြည် မငြိမ်မသက်ဖြစ်မယ်၊ ဘာဘာညာညာ သင်္ကြန်စာမှာပဲ ပါသလိုလို၊ ဗေဒင်ဆရာတစ်ယောက်ယောက်က ဟောသလိုလိုနဲ့ ပြည်သူလူထုကို စိတ်ညစ်အောင်၊ စိတ်အနှောင့်အယှက်ဖြစ်အောင် (တမင်ဆိုးယုတ်တဲ့ ကြိုတင်ကြံစည်ချက်နဲ့) တီးတိုးစကားတွေ လွှင့်တာပါ။

နာဂစ်မုန်တိုင်း ဖြစ်ခဲ့တဲ့နေရာတွေမှာ ကာလဝမ်းရောဂါအပြင် ကူးစက်ရောဂါဆိုးကြီးတွေ ပျံ့နှံ့လာလိမ့်မယ်။ ဘာညာစသည်ဖြင့် လူတွေစိတ်ချောက်ချား ကြောက်လန့်အောင် အခြေအမြစ်မရှိ ပြောတာမျိုးတွေလည်း လုပ်ပါတယ်။ ရောဂါအန္တရာယ် ဖြစ်ပေါ်နိုင်တာတော့ ဟုတ်ပါတယ်။ အစိုးရ၊ ဒေသခံပြည်သူ၊ စေတနာရှင်များ၊ ပြည်တွင်းပြည်ပ အကူအညီပေးကြသူများ၊ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများ၊ စေတနာ့ဆေးဝန်ထမ်းများနဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စသည်တို့ရဲ့ ကြီးမားတဲ့ စုပေါင်းအားနဲ့ တားဆီးကာကွယ်ခဲ့ကြတဲ့အခါ ကာလဝမ်းရောဂါလည်း မဖြစ်ပွားခဲ့ပါ။ နိုင်ငံများစွာမှ ဆေးအဖွဲ့များ အသိအမြင်ပါ။ သူတို့ထုတ်ပြန်ချက်များလည်း ထုတ်ပါတယ်။

ကူးစက်တတ်သော အခြားကပ်ရောဂါဆိုးကြီးများလည်း (အဖျက်သမား ဖြစ်စေချင်သလို) မဖြစ်လာခဲ့ပါ။ အထက်ပါ ကြီးမားကျယ်ပြန့်တဲ့ အပြုသဘော အင်အားစုတွေက ကြိုးကြိုးစားစား စေတနာသန့်သန့် ဆောင်ရွက်ကြတာကြောင့် ဖြစ်ပါတယ်။ သူတို့ခြောက်လှန့်ပေမယ့် စိုးရိမ်ထိတ်လန့် မဖြစ်ခဲ့ပါ။

မဟုတ်မမှန် ကောလာဟလတွေဟာ လူတွေကို စိတ်လှုပ်ရှားမှုဖြစ်စေပါတယ်။ ကောင်းတဲ့ဘက် ပြောင်းလဲခြင်းကို တားဆီးပိတ်ပင်ပါတယ်။ ဒါ့ကြောင့် အဖျက်သမားက အဖြစ်အပျက်အပေါ် အဆိုးမြင်စိတ်၊ လူပုဂ္ဂိုလ် အပေါ် အဆိုးမြင်စိတ်၊ ဒေါသစိတ်၊ မာနစိတ်၊ မောက်မာစိတ်၊ ကြောက်လန့် ချောက်ချားစိတ်နဲ့ စိုးရိမ်သောကစိတ်စတဲ့ စိတ်လှုပ်ရှားမှုတွေ ပေါ်ပေါက်အောင် ကောလာဟလနဲ့ ဆွပါတယ်၊ လှုံ့ဆော်ပါတယ်။

ဒါကို သိမြင်ပြီး ကောင်းတဲ့ဘက်ကို လူတွေ ပြောင်းလဲအောင် တွန်းအားပေးတဲ့ စိတ်လှုပ်ရှားမှုတွေနဲ့ စာရေးသူတို့ ပြည်သူများက အစားထိုး ဖြည့်ဆည်းနေကြရပါမယ်။ ပြောင်းလဲမှုကို အားကောင်းအောင် အားပေးတဲ့ စိတ်လှုပ်ရှားမှုတွေက ရိုးသားဖြူစင်မှု၊ ယုံကြည်မှု၊ အကောင်းမြင်စိတ်၊ ထက်သန်ပြင်းပြမှု၊ တက်ကြွမှု၊ မျှော်လင့်ချက်ထားရှိမှု၊ စိတ်ပါဝင်စားမှုနဲ့ အမျိုးဂုဏ် ဇာတိဂုဏ်ကို ခင်တွယ်လေးစားမှု စတာတွေပါ။

တမင်ရည်ရွယ်ချက်နဲ့ တိုင်းပြည်နဲ့ လူမျိုးရဲ့ အကျိုးစီးပွားကို ပျက်စီး နိမ့်ကျအောင် ဖျက်ဆီးချင်တဲ့ အဖျက်သမားတစ်စုက သတိမမူမိလို့ပါ။ မြန်မာနိုင်ငံ ပြည်သူပြည်သားများမှာ ရိုးရာယဉ်ကျေးမှုအရ စိတ်ဓာတ်ခွန်အားတွေ မူလကတည်းက ရရှိကြပါတယ်။

ယုံချင်ယုံ၊ မယုံချင်နေ။ အနာဂတ်ကို ကြိုတင်ဟောပြောတဲ့ ပညာရပ်တွေ အစဉ်အလာရှိခဲ့တာတော့ အမှန်ပဲ။ နက္ခတ္တဗေဒပညာရှင်၊ ဗေဒင်ပညာရှင်၊ ဆန်းပညာရှင်၊ လက္ခဏာပညာရှင်တွေဟာ နိုင်ငံကျော် ထင်ရှားကြပါတယ်။ အများသိပြီးသားပါ။ ၂၀၀၈ ခုနှစ်နဲ့ပတ်သက်လို့ အောင်မြင်ကျော်ကြားတဲ့ အနာဂတ်ဟောပညာရှင် ပုဂ္ဂိုလ်အချို့က ဘယ်လိုများ ဟောပြောထားခဲ့ပါသလဲ။ လေ့လာကြည့်သင့်ပါတယ်။ ထုတ်နုတ်ဖော်ပြရပါက-

ဆရာဦးစံတင်အောင်က ''၂၀၀၈ ခုနှစ်ဟာ မြန်မာနိုင်ငံအတွက် အလွန်ထူးခြားတဲ့ နှစ်တစ်နှစ်ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ အခက်အခဲများအားလုံး အနေးနဲ့အမြန် ပြေလည်ဖို့ လမ်းစများ တွေ့ရှိမယ်။ ကမ္ဘာ့အလယ်မှာ တင့်တယ်ထည်ဝါစွာ နာမည်၊ အောင်မြင်မှုများ ရရှိမယ့်နှစ် ဖြစ်တယ်။ လူငယ်၊ လူရွယ်များ ဘာသာရေးအဆုံးအမနဲ့ မိဘ၊ ဆရာသမားများ အဆုံးအမခံယူပြီး ညှိနှိုင်းလုပ်ကိုင်လျှင် အလွန်ကောင်းမယ့်နှစ်ဖြစ်ပါတယ်။ အခက်အခဲအားလုံး ၂၀၀၈ ခုနှစ်တွင် ဖြေရှင်း၊ လုပ်ကိုင်အောင်မြင်ရန် အခွင့်အလမ်းကောင်း မြောက်မြားစွာ ပေါ်ထွန်းမယ့်နှစ်ဖြစ်ပါတယ်။''

ဆရာဦးထွန်းလင်းက ''စီးပွားရေးတွေ အောင်မြင်လိမ့်မယ်၊ အပြည်ပြည်ဆိုင်ရာရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ၊ ထောက်ပံ့ကူညီမှုတွေရမယ်။ အထူးသဖြင့် ပညာရှင်တွေရဲ့ ပညာရပ်ဆိုင်ရာ အောင်မြင်မှုတွေ ရရှိမယ်။ ရာထူးကြီးကဲသူတွေ အပြည်ပြည်ဆိုင်ရာနဲ့ ဆက်သွယ်မှုတွေမှာ အောင်မြင်မှုရမယ်။''

ဆရာဦးကျော်လွင်က ''ဒီနှစ်အတွင်းမှာ တီထွင်ဆန်းသစ်ပြီး လုပ်တဲ့ လုပ်ငန်းတွေ တိုးတက်အောင်မြင်မယ်။ လုပ်ကိုင်ဆောင်ရွက်မှုမှန်သမျှဟာ တိတိကျကျ ပြတ်ပြတ်သားသား လုပ်ကိုင်ဆောင်ရွက်မှုတွေ ဖြစ်လာမယ်။ တရားဥပဒေကို လေးစားတဲ့လူတွေ ထွန်းကားလာမယ်။''

ဆရာဦးရန်ကြီးအောင်က ''၂၀၀၈ခုနှစ်သည် အစစအရာရာ အလုံးစုံ ကောင်းမြတ်သောတရား စတင် မွေးဖွားသန့်စင်သော နှစ်ဖြစ်ပါတယ်။ နှစ်ရာနဲ့ချီပြီး မော်ကွန်းတင်ရမယ့်နှစ်ဖြစ်တယ်။ မြန်မာပြည်သူပြည်သားများ တိုးတက်ပြီး နှစ်သက်ကြည်နူးပျော်ရွှင်စွာ ခံစားရမယ့်နှစ်ဖြစ်ပါတယ်။

၂၀၀၈ခုနှစ် ဇွန်လထုတ် ''People မဂ္ဂဇင်း'' Star's Chat Room ကဏ္ဍမှာ ဖော်ပြပါရှိတဲ့ အိသဇင်ရဲ့ဆောင်းပါးမှ နမူနာ ကောက်ယူပြတာဖြစ်ပါတယ်။ နာမည်တစ်လုံးနဲ့နေတဲ့ ဝေဒပညာရှင်ကြီးတွေကတော့ ဘယ်သူကြိုက်ကြိုက်၊ မကြိုက်ကြိုက် နိုင်ငံနဲ့ပြည်သူအကျိုးကို ရှေးရှုပြီး သူတို့ ကျွမ်းကျင်တတ်မြောက်တဲ့ပညာနဲ့ ချင့်ချိန်တွက်ချက်ပြီး ဟောပြောခဲ့တာပါ။ သူတို့စကားကို သူတို့တာဝန်ယူရဲလို့ ထုတ်ဖော်ဟောပြောတာဖြစ်ပါမယ်။ ဒီလိုစကားမျိုးတွေကတော့ အခြေအမြစ်မရှိဘဲ သံလွင်မြစ်ရေကြီးမယ်၊ ရန်ကုန်မှာ ငလျင်လှုပ်ဦးမယ်စတဲ့ လူတွေ စိတ်ညစ်အောင် လိမ်ညာမှုသား ကောလာဟလစကား မဟုတ်တန်ရာပါ။ ထိုပုဂ္ဂိုလ်များ သုံးသပ်မြော်မြင်နိုင်သလောက် သူတတ်မြောက်တဲ့ပညာရပ်နဲ့ ရဲရဲရင့်ရင့် ဟောတာလေ။

အဖျက်သမားတွေကတော့ စိုးရိမ်ထိတ်လန့်အောင် အမင်္ဂလာနိမိတ်တွေကို (သူတို့ကိုယ်တိုင် မဟုတ်မှန်မှန်း သိသိကြီးနဲ့ပေါ်တင်)ပြောတယ်။ အဲဒါ ကောလာဟလပါပဲ။

နိဂုံးချုပ်ကြပါစို့၊ **ဈေးစကား၊ လမ်းပေါ်က စကားတွေထဲမှာ ကောလာဟလတွေ ညှပ်ပါလာတတ်တယ်။ ယုံချင်ယုံပါ၊ သို့သော် ချင့်ယုံပါ။ ဘာပဲဖြစ်ဖြစ် အဆိုးဘက်က တမင်ဆွဲပြီး မဟုတ်မမှန် ''ကောလာဟလ''နဲ့ လေတိုက်ပွဲဆင်နေကြသူအချို့ရှိနေတယ်ဆိုတာကို သတိပြုစေချင်ပါတယ်။** ။

ကောင်းတဲ့ဘက်ကို လူတွေ ပြောင်းလဲအောင် တွန်းအားပေးတဲ့ စိတ်လှုပ်ရှားမှုတွေနဲ့ စာရေးသူတို့ ပြည်သူများက အစားထိုး ဖြည့်ဆည်းနေကြရပါမယ်။ ပြောင်းလဲမှုကို အားကောင်းအောင် အားပေးတဲ့ စိတ်လှုပ်ရှားမှုတွေက ရိုးသားဖြူစင်မှု၊ ယုံကြည်မှု၊ အကောင်းမြင်စိတ်၊ ထက်သန်ပြင်းပြမှု၊ တက်ကြွမှု၊ မျှော်လင့်ချက်ထားရှိမှု၊ စိတ်ပါဝင်စားမှုနဲ့ အမျိုးဂုဏ် ဇာတိဂုဏ်ကို ခင်တွယ်လေးစားမှု စတာတွေပါ။

ပညာရေးဆိုင်ရာအခြေခံအဆောက်အအုံများ အထူးပြု ထူထောင်ဖန်တီးပေးထား နိုင်ငံနှင့်လူမျိုး ရှင်သန်ရပ်တည်နိုင်ရေး အဓိကလိုအပ်သည့်စိတ်ဓာတ်စွမ်းအားများ ပြည့်ဖြိုးခိုင်မာဖြစ်ထွန်းနေစေရေအောင် ရည်မှန်းချက်ရှိရှိ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ဖွင့်လှစ်သည့် တက္ကသိုလ်၊ ကောလိပ်၊ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန်၁၆ရက် နံနက်၉နာရီက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ်၊ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယဝန်ကြီးများ၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများနှင့် လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက သင်တန်းဖွင့်အမှာစကားပြောကြားရာ၌ မျက်မှောက်ခေတ်ကာလတွင် နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် တန်းတူရည်တူ ယှဉ်တွဲဖွံ့ဖြိုးတိုးတက်စေရေး၌ နိုင်ငံတကာ အဆင့်မီနည်းပညာရပ်များ၏ စွမ်းအားဖြင့်သာ စွမ်းဆောင်ပေးနိုင်မည် ဖြစ်ကြောင်း။

ပိုမိုလိုအပ်

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်ကြရာတွင် နည်းပညာဆိုင်ရာလိုအပ်ချက်များ၊ အရည်အသွေးဆိုင်ရာ လိုအပ်ချက်များသည်လည်း တစ်နေ့တခြား ပိုမိုမြင့်မားလာလျက် ရှိနေပြီဖြစ်ခြင်းကြောင့် ဆိုင်ရာဆိုင်ရာကဏ္ဍများအလိုက် နိုင်ငံတကာအဆင့်မီနည်းပညာများ၊ ခေတ်မီအီလက်ထရွန်နစ်နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာများ တိုးတက်မြင့်မားစေရန်နှင့် ယင်းခေတ်မီနည်းပညာရပ်များကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သည့် အရည်အသွေးပြည့်ဝမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ လုံလုံလောက်လောက်နှင့် အလျဉ်မပြတ် မွေးထုတ်ထားနိုင်ရန် ပိုမိုလိုအပ်လာပြီဖြစ်ကြောင်း။

အင်ဂျင်နီယာပညာ၊ ဗိသုကာပညာရပ်များနှင့် ပတ်သက်လျှင် လျှင်ဒဏ်သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသည့် အဆင့်မြင့်အဆောက်အအုံကြီးများ တည်ဆောက်နိုင်ရန် ခေတ်နှင့်အညီ စွမ်းအင်ချွေတာစွာ သုံးစွဲပြီး အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းသည့် အဆင့်မြင့်အဆောက်အအုံကြီးများ တည်ဆောက်နိုင်ရန် စွမ်းအားကြီးမားသည့် စက်ယန္တရားကြီးများ တည်ဆောက်နိုင်ရန်၊ ကိုင်တွယ်အသုံးပြုနိုင်ရန် သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် မြစ်ကူး ချောင်းကူး တံတားကြီးများ၊ အဆင့်မြင့် လမ်းမကြီးများ တည်ဆောက်နိုင်ရန် ကြီးမားခိုင်ခံ့သည့် ဆည်မြောင်းတာတမံကြီးများ တည်ဆောက်နိုင်ရန် စသည့် အခြေအနေအချိန်အခါ၏ နည်းပညာဆိုင်ရာ တောင်းဆိုမှုများသည် ပိုမိုမြင့်မား များပြားလာနေပြီဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍ

အလားတူပင် ကျန်းမာရေးကဏ္ဍတွင် တစ်နေ့တခြား တိုးတက်မြင့်မားလာနေသည့် ဆေးပညာရပ်များ၊ ဆေးဘက်ဆိုင်ရာ သုတေသနတွေ့ရှိချက် အသစ်အဆန်းများ၊ကုထုံး ကုနည်းသစ်များ၊ ခွဲစိတ်ကုသမှုနည်းစနစ်သစ်များ၊ တစ်နေ့ထက်တစ်နေ့ ဆန်းသစ်လာနေသည့် ရောဂါရှာဖွေရေးနှင့် ကုသရေးဆိုင်ရာ ပစ္စည်းကိရိယာများ စသည့် တိုးတက်ဖြစ်ထွန်းမှုများကို အမီလိုက်ပါပြီး ပိုင်ပိုင်နိုင်နိုင် သုံးစွဲနိုင်သော အရည်အသွေးမြင့်မားသည့် သမားတော်ကြီးများ၊ ဆရာဝန် ဆရာမများ၊ ဆေးဘက်ဆိုင်ရာ ပညာရှင်များ၊ ဆေးဝါးဆိုင်ရာ ပညာရှင်များ များစွာမွေးထုတ်ပေးနိုင်ရန် အခြေအနေ အချိန်အခါက တောင်းဆိုလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံတကာစီးပွားရေးနယ်ပယ်ကို ချဲ့ထွင်နေသည်နှင့်အမျှ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်အရပ်ရပ်တွင် စီးပွားရေးဆိုင်ရာ အသိပညာမြင့်မားရန် ခေတ်မီစီမံခန့်ခွဲမှုနည်းပညာများရရှိရန် စသည့် အရည်အသွေးမြှင့်တင်မှုများကို ပညာရေးကဏ္ဍက ဖြည့်ဆည်းပေးနိုင်ရန် လိုကြောင်း။

တိုးတက်ဖြစ်ထွန်း

ယနေ့အချိန်အခါတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ သတ္တုစသည့် ကုန်ထုတ်လုပ်မှုကဏ္ဍများ၌လည်း ခေတ်မီနည်းပညာရပ်များ၊ အဆင့်မြင့်လုပ်ငန်းသုံး ပစ္စည်းကိရိယာများ တိုးတက်ပေါ်ထွန်းလျက်ရှိခြင်းကြောင့် အရည်အသွေးမြင့် နည်းပညာရပ်များ (High Tech)၏အခန်းကဏ္ဍသည် လွန်စွာမှ အရေးကြီးလျက်ရှိကြောင်း။

ထို့အပြင် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အန္တရာယ်ရှိနိုင်သည့် စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းရေး၊ဇီဝလောင်စာပြောင်းလဲသုံးစွဲရေး စသည့် နိုင်ငံတကာက အလေးထား ဆောင်ရွက်နေသောအခြေအနေများနှင့်အညီ ဆီလျော်သည့် နည်းပညာရပ်များ ဖြစ်ထွန်းလာစေရအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

စီမံဖန်တီး

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါများကြွယ်ဝလှသော နိုင်ငံဖြစ်သည့်အလျောက် ယင်းသုံးစွဲမကုန်နိုင်သော သဘာဝ သယံဇာတများကို နိုင်ငံအတွက် အကျိုးအရှိဆုံး ထုတ်ယူမြှင့်တင် သုံးစွဲနိုင်စေရေအောင်နှင့် နောင်သားစဉ်မြေးဆက် အရှည်သဖြင့် အကျိုးဖြစ်စေရေအောင် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ၏ စွမ်းအားကို သုံးပြီး စီမံ ဖန်တီးပေးနိုင်ရန် လိုအပ်ကြောင်း။

ဤခေတ်ကာလ၏ တောင်းဆိုချက်များ၊ နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ လိုအပ်ချက်များအတွက် အနာဂတ်ကို မျှော်မှန်းပြီး ကြိုတင်ပြင်ဆင် ဆောင်ရွက်ရေးသည် ပညာရေးကဏ္ဍ၊ အထူးသဖြင့် အဆင့်မြင့်ပညာကဏ္ဍ၏ တာဝန်ပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ထူးခြားဆန်းသစ်

ပညာရေးကဏ္ဍ၏ တာဝန်များ၊ လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ဆိုင်ရာဆိုင်ရာကဏ္ဍများအလိုက် ခေတ်မီဝိဇ္ဇာနှင့်သိပ္ပံပညာရပ်များ၊ အီလက်ထရွန်နစ် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ၊ ရေကြောင်းသိပ္ပံပညာရပ်များ၊ လေကြောင်းနှင့် အာကာသဆိုင်ရာ ပညာရပ်များ စသည့် ထူးခြားဆန်းသစ်သော ပညာရပ်အမျိုးမျိုးကို နက်နက်ရှိုင်းရှိုင်း လေ့လာသင်ယူနိုင်မည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို အထူးပြု ထူထောင်ဖန်တီးပေးထားပြီးလည်း ဖြစ်ကြောင်း။

ထို့ကြောင့် ဤအခြေခံကောင်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး တက္ကသိုလ်တိုင်း၊ ကောလိပ်တိုင်းသည် ဆိုင်ရာဆိုင်ရာကဏ္ဍများအလိုက် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာရပ်များ ခေတ်နှင့်တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းနေစေရေးနှင့် ပိုမိုအဆင့်မြင့်မားပြီး အနာဂတ်ကိုမျှော်မှန်းသည့် ပညာရပ်များ ပေါ်ထွန်းလာစေရေးတို့အတွက် အစဉ်အမြဲ လေ့လာအားထုတ်နေကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတကာ မြင်ကွင်းများကိုကြည့်လျှင် နည်းပညာအသစ်များ၊နည်းပညာသစ်များအပေါ်ဆန်းသစ်တီထွင်ထားသည့် ခေတ်မီ အီလက်ထရွန်နစ် ပစ္စည်းကိရိယာများ၊ ကွန်ပျူတာအခြေခံသည့်ခေတ်မီပစ္စည်းကိရိယာများ နေ့စဉ်နှင့်အမျှ အသစ်ပေါ်ပေါက်ဖြစ်ထွန်းပြီး ကမ္ဘာကြီးသည်လည်း အတိုင်းအဆမရှိသည့် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည်ကိုတွေ့ကြရမည်ဖြစ်ကြောင်း။

ဤကဲ့သို့ အခြေအနေမျိုးတွင် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နိုင်ငံတကာနှင့် အမီလိုက်ပါ ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့်နည်းပညာသစ်များကို အကြောင်းပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံတွင် ထိုးဖောက်လွှမ်းမိုး ခြယ်လှယ်မှုများကို ကာကွယ်တားဆီးနိုင်သည့်အပြင် အမျိုးသားယဉ်ကျေးမှုနှင့် လူမှုရေးတန်ဖိုးများ လျော့ပါးပျက်စီးမသွားအောင် အမိနိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာမဆုံးရှုံးရလေအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်အတွက် ဆန်းသစ်သည့်နည်းပညာများကို အခြေပြုပြီး ကြိုးပမ်းဆောင်ရွက်ရေးသည် ယနေ့ကာလ၏ အမျိုးသားရေး တာဝန်များအဖြစ် ပေါ်လွင်ထင်ရှားနေပြီဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံနှင့်လူမျိုး ရှင်သန် ရပ်တည်နိုင်ရေး၊ ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲရေးနှင့် အချုပ်အခြာအာဏာ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက်ပါ အဓိကလိုအပ်နေသည့် စိတ်ဓာတ်ရေးရာစွမ်းအား၊ အမျိုးသားပညာရည်မြင့်မားမှု စွမ်းအားနှင့် ခေတ်မီ သိပ္ပံနှင့်နည်းပညာရပ်များ၏ စွမ်းအားတို့ ပြည့်ပြည့်ဖြိုးဖြိုး ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေစေရေအောင် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအားလုံးက ရည်မှန်းချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားသွားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နှုတ်ဆက်

အခမ်းအနားအပြီးတွင်ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ကြာမြင့်မည်

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၃၄ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ် ကြာမြင့်မည် ဖြစ်သည်။

(သတင်းစဉ်)

သတင်းအချက်အလက်များစွာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇွန် ၁၇

"ဈေးကွက်စီးပွားရေး အသီးအပွင့်ကြောင့် ပေါ်ထွန်းလာခဲ့သော စီးပွားရေးလုပ်ငန်းကြီးများ၏ ကြီးမားသောအခန်းကဏ္ဍဖြင့် နာဂစ်ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ထိရောက်" စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၏ ထင်မြင်သုံးသပ်ချက်များ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ်၊ အတွဲ(၄)၊ အမှတ်(၂၃) ယခုတစ်ပတ် ထွက်ရှိလာသည်။

ထို့အပြင် ကမ္ဘာတွင် ပထမဆုံး အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံ တက္ကသိုလ်ကြီး မြန်မာပြည်တွင်ဆောက်လုပ်လှူဒါန်းရန် စီစဉ်နေ၊ မုန်တိုင်းကြောင့် မြတ်မော်တင်စွန်းဘုရား ထီးတော်ကျိုးကျ၊ တစ်လအတွင်း လနှစ်ကြိမ်ကွယ်ခြင်းမှာ ထူးခြားသည့်ဖြစ်စဉ် မဟုတ်ဟုဆို၊ တွံတေး၊ ကော့မှူးရှိ လေဘေးသင့်ပြည်သူများအတွက် မီဒီယာလုပ်ငန်းများက ကျပ် ၁၄၁သိန်း ဖိုးရှိ အလှူငွေနှင့် ပစ္စည်းများလှူ၊ မြန်မာနှင့် စီးပွားရေးအရှိန်အဟုန်မြှင့်ရန် ကိုရီးယား စီးပွားရေးမစ်ရှင်အဖွဲ့ လာမည်၊ ရေလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် ကျပ်သုံးဘီလီယံအထိ တိုးမြှင့်သုံးစွဲမည်၊ တွံတေး၊ ကော့မှူးကျောင်းများ အကြွေးစနစ်ဖြင့် ကျောင်းအပ်လက်ခံ၊ သဘာဝဘေး အန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တိကျစွာ ဆောင်ရွက်နိုင်ရန် ဂြိုဟ်တုဓာတ်ပုံအသုံးချ သင်တန်းဖွင့်မည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "မိုးရာသီနှင့် ကျန်းမာရေး"အကြောင်း စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဖြန့်ချိ

ယူရို-၂၀၀၈ ဘောလုံးပွဲတွင် ခရိုအေးရှားအသင်း ကွာတားဖိုင်နယ်တက်ပြီ အားကစားသုံးသပ် သတင်းအပါအဝင် ဂျပန်မြောက်ပိုင်းတွင် အင်အားပြင်းထန်သော ငလျင်လှုပ် လူခြောက်ဦးသေဆုံး ၂၀၀ကျော် ဒဏ်ရာရ၊ အာဆီယံ+၃အလုပ်ရုံဆွေးနွေးပွဲက ဘေးအန္တရာယ်ကယ်ဆယ်ရေး ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်း၊ မလေးရှားတွင် ဒီဗွီဒီ ခိုးကူးခွေဖော်ထုတ်ရေး အနံ့ခံခွေး သေဆုံး၊ အီဂျစ် ငြိမ်းချမ်းရေးတမန် မူစတာဖာခါလီလ် ကွယ်လွန်ပြီ၊ သွေးချို ဆီးချိုရောဂါရှိသူများ ရောဂါစစ်ခြင်း အားနည်းမှုကြောင့် မျက်စိကွယ်နိုင်၊ ဟောလီဝုဒ်ရုပ်ရှင်ကားများ iPods တွင် ကူးပြောင်းကြည့်ရှုနိုင်တော့မည်၊ "အဲဒီကိုရောက်ဖူးချင်လို့ပါ" ဟာသကဏ္ဍသစ်၊ "ဇနီးနှင့် သမီးငယ်ကို သတ်မှုဖြင့် ဗြိတိသျှအမျိုးသား စွဲချက်တင်ခံရ" နိုင်ငံတကာမှုခင်းရေးရာ၊ "ပြောရဦးမယ် သူတို့က ဒီလိုတဲ့" နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍသစ် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာ၊ အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ဘဂ္ဂဒက်မြောက်ပိုင်း၌ ကားဗုံးခွဲတိုက်ခိုက် အနည်းဆုံး ၁၁ ဦးသေဆုံး၊ အများအပြား ဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း၌ ကားဗုံးခွဲ တိုက်ခိုက်မှုတစ်ရပ် ဇွန် ၁၇ရက်က ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၁ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)**

ယင်းဗုံးခွဲတိုက်ခိုက်မှုသည် ရှီးယားအများစုနေထိုင်ရာ ဟာရီယာအရပ်ရှိ ဘတ်စ်ကားမှတ်တိုင်၌ နံနက်ရုံးတက်သွားလာချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန် အနောက်မြောက်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား၊ လေးဦး သေဆုံး

ဟွန်ဂူ ဇွန် ၁၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ ဇွန် ၁၇ရက်က လက်နက်ကိုင် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လေးဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လက်နက်ကိုင် တိုက်ခိုက်ရေးသမားသည် ပါကစ္စတန်အနောက်မြောက်ပိုင်း ဟွန်ဂူမြို့ ဈေးကြီးအတွင်း၌ ပစ်ခတ်ခဲ့ရာ လေးဦးသေဆုံးသွားခဲ့သည်။

နေ့ဆွမ်းဘုဉ်းပေးရန် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ဆွမ်းဒါန လောင်းလှူကြစဉ်။

ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ပထမအကြိမ် ရှင်သာမဏေအပါး ၅၀ သာသနာ့ဘောင်သွတ်သွင်းချီးမြှင့်

သတင်းမှတ်စုနှင့်ဓာတ်ပုံ - အောင်သန်း (မင်္ဂလာတောင်ညွန့်)　　စာမျက်နှာဖွဲ့စည်းမှု - ကျော့မောင်မောင်

ရန်ကုန်　ဇွန်　၁၇

နိုင်ငံတော်နှင့်ပြည်သူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံ၏ တိုးတက်မှုပြယုဂ်တစ်ခုပင် ဖြစ်သည်။ အရာရာကို နိုင်ငံတော်အား လက်ညှိုးထိုး တာဝန်ယူခိုင်း၍မဖြစ်။ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများကလည်း တစ်တပ်တစ်အား မိမိနိုင်နင်းရာကဏ္ဍ၊ မိမိကျွမ်းကျင်သည့်အတတ်ပညာ၊ ရိုင်းပင်းကူညီစိတ်တို့ဖြင့် နိုင်ငံအကျိုးကို ကျရာတာဝန်မှ ဆောင်ရွက်ခြင်းသည် လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ၏ တာဝန်ကျေမှုပင်ဖြစ်သည်။

အောင်မြေသုခပရဟိတကျောင်းမှ သီလရှင်များအား အသုံးအဆောင်ပစ္စည်းများ လောင်းလှူကြစဉ်။

သာသနာ့ဘောင်

ဇွန်၁၅ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသားများနှင့် မြို့နယ်အတွင်းရှိ ချို့တဲ့ကလေးငယ်များအား ရှင်သာမဏေ အပါး၅၀အဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်သည့် ပထမအကြိမ် ပဗ္ဗဇ္ဇမင်္ဂလာ အခမ်းအနားကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက်ရှိ လောကမုနိအောင်မြေချမ်းသာ ဆုတောင်းပြည့်ဘုရားကြီး တန်ဆောင်းအတွင်း ကျင်းပသည်။ ကျောင်းဝင်းအတွင်းရှိ အောင်မြေသုခပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအမှတ်(၂)မှ ကျောင်းသားများနှင့် မြို့နယ်အတွင်း ရပ်ကွက်များမှ အသက်ခြောက်နှစ်မှ ၁၅နှစ်အရွယ်အထိ ရှင်သာမဏေ မပြုရသေးသူ ၅၀အား ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးခြင်းဖြစ်သည်။

လှူဒါန်း

ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်နှင့် တွေ့ဆုံပြောကြားရာတွင် "ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များက သာမဏေတစ်ပါးလျှင် သင်္ကန်း၊ ပရိက္ခရာ တန်ဖိုးငွေကျပ် တစ်သောင်းငါးထောင်တာဝန်ယူကာ လှူဒါန်းခြင်းဖြစ်ကြောင်း၊ ဆွမ်းကပ်လှူခြင်းများကိုလည်း မိမိတို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက ဆွမ်း၊ ဆွမ်းဟင်း၊ အချိုပွဲစသည်တို့ကို တစ်ပိုင်တစ်နိုင် တာဝန်ယူ၍ ကပ်လှူခြင်းဖြစ်သဖြင့် ခက်ခဲပင်ပန်းမှုမရှိပါကြောင်း" ပြောကြားသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအမှတ်(၂) အောင်မြေသုခ ပရဟိတကျောင်းမှ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တပညာနန္ဒက မိန့်ကြားရာတွင် ၁၉၉၃ခုနှစ်ကစပြီး နာယကဆရာတော် ဘဒ္ဒန္တသာဂရ ကြီးကြပ်မှုဖြင့် အောင်မြေသုခ ပရဟိတကျောင်းကို စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ စတင်ဖွင့်လှစ်စဉ်က ကျောင်းသား ကျောင်းသူ ၇၀ ခန့်သာရှိခဲ့ပြီး ယခုအခါ ၁၀၀ကျော်ရှိနေပြီ ဖြစ်ကြောင်း၊ ချို့တဲ့ကျောင်းသားများ မူလတန်းပညာသင်ကြားနိုင်ရေးအတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ စာအုပ်၊ စာရေးကိရိယာ၊ အဝတ်အထည်ကအစ ကျောင်းမှတာဝန်ယူပါကြောင်း၊ မူလတန်းလွန်၍ အလယ်တန်း၊ အထက်တန်းများသို့ ဆက်လက်တက်ရောက် သင်ကြားလိုပါလျှင်လည်း နာယက ဆရာတော်မှစီစဉ်ကာ ဆက်လက်ကျောင်းနေနိုင်ရန် စီစဉ်ဆောင်ရွက်ပေးပါကြောင်း၊ ယခုနှစ်တွင်လည်း အခြေခံ ပညာအထက်တန်းစာမေးပွဲကို သုံးဦးဝင်ရောက်ဖြေဆိုထားကြောင်း၊ ရန်ကုန်မြို့တွင်သာမက နယ်များမှ ရှမ်း၊ ပလောင်၊ ပအိုဝ်း၊ ရှမ်းနွယ်စုဝင် ပလေးလူမျိုးကလေးငယ်များပါ သင်ကြားပေးနေကြောင်းဖြင့် ရှင်းလင်းမြွက်ကြားသွားခဲ့သည်။ မူလတန်းအဆင့် သူငယ်တန်းမှ စတုတ္ထတန်းအထိကို ဘွဲ့ရဆရာမငါးဦးတို့က စေတနာလုပ်အားပေး သင်ကြားပေးသည်ဟု သိရှိရသည်။

မကြာသေးမီက တိုက်ခတ်ခဲ့သော နာဂစ်လေမုန်တိုင်းဒဏ်ကြောင့် အောင်မြေသုခပရဟိတကျောင်း၏ သွပ်မိုးများ လန်ကာပျက်စီးခဲ့သဖြင့် သွပ်ပြားချပ်ရေ ၈၀ကိုပါ ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ချို့တဲ့ကလေးငယ် ၅၀အား ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်သည့် အခမ်းအနားနှင့် ပူးတွဲလှူဒါန်းခဲ့သည်ကို သတင်းမှတ်စုအဖြစ် ရေးသားဖော်ပြလိုက်ပါသည်။ ။ (မြန်မာ့အလင်း)

ဓာတ်အားအမြန်ဆုံးပို့လွှတ်နိုင်ရေး စေတနာထားဆောင်ရွက်

ဓာတ်အားလိုင်းများ တိုင်ထူ၊ ကြိုးဆွဲခြင်းလုပ်ငန်းပြီးစီးမှု ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန်　ဇွန်　၁၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၁၅ရက်က ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ဒေးဒရဲတံတားအနီးရှိ ဘန်းဘွေးကုန်း ကျေးရွာသို့ ရောက်ရှိပြီး ဒေးဒရဲမြို့နယ်နှင့် ကွမ်းခြံကုန်း မြို့နယ်သို့ ချိတ်ဆက်သွယ်တန်းသည့် 33 KV ဓာတ်အား လိုင်းများ တိုင်ထူ/ကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင် အောင်နှင့် တာဝန်ရှိသူများက ကော့မှူး၊ ကွမ်းခြံကုန်းနှင့် ဒေးဒရဲမြို့နယ် ကားလမ်းမတစ်လျှောက် 33 KV ဓာတ် အားလိုင်းတိုင်များ လဲကျပျက်စီးမှုကို မီးရထားသံလမ်း ၁၂၆၅တိုင်ဖြင့် အစားထိုး တိုင်ထူခြင်း၊ အပြီးသတ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ဝန်ကြီးက ဓာတ်အားလိုင်းတိုင်များ စနစ်တကျ ခိုင်ခံ့မှုရှိစေရေး၊ သဘာဝဘေးအန္တရာယ်ဒဏ် ခံနိုင်စေရန် ဆောင်ရွက်ထားရှိရေးနှင့် ဓာတ်အားအမြန်ဆုံး ပို့လွှတ်နိုင်စေရေးတို့အတွက် စေတနာထား ဆောင်ရွက်သွားကြရေးတို့ကို မှာကြားပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒေးဒရဲမြို့နယ်မှ ကွမ်းခြံကုန်းမြို့နယ် ကားလမ်းမတစ်လျှောက် 33 KV ဓာတ်အားလိုင်းတိုင်အဖြစ် မီးရထားသံလမ်းများကို အသုံးပြု စိုက်ထူသွယ်တန်းထားရှိမှု၊ ကော့မှူးမြို့နယ်အတွင်း မကျီး ကန်ကျေးရွာ၊ နတ်စင်ကုန်းစံပြကျေးရွာ၊ အဖျောက် ကျေးရွာနှင့် တွံတေးမြို့နယ် ဘုရားကြီးစံပြကျေးရွာများ တစ်လျှောက် မြို့တွင်း 400 V ဓာတ်အားလိုင်းများ သွယ်တန်းရန် ကွန်ကရစ်တိုင်များရောက်ရှိမှု၊ ဓာတ်အား လိုင်းတိုင်များ စိုက်ထူ/ကြိုးဆွဲမှုနှင့် ကြွေသီးတပ်ဆင်မှု လုပ်ငန်းများကို ယာဉ်၊ စက်ယန္တရားများ အသုံးပြု၍ လျှပ်စစ်ကျွမ်းကျင်လုပ်သားများက လုပ်ငန်းဆောင်ရွက် နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါတွင် ဝန်ချီစက်သစ်နှစ်စင်း ပြန်လည်တပ်ဆင်ပြီးစီး

ရန်ကုန်　ဇွန်　၁၇

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါ (MITT) သို့ Mobile Harbour Crane (MHC) နှစ်စင်းကို တင်ဆောင်လာသော MV. Mercury အထူးသင်္ဘောသည် ဇွန်၁၃ရက်က ဆိုက်ကပ်ခဲ့ပြီး Crane နှစ်စင်းကို ဇွန်၁၄ရက်နှင့်၁၅ရက်တို့တွင် အောင်မြင်စွာ နေရာချထားခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။**(အောက်ပုံ)** **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း ဦးဆောင် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ရန်ကုန် ဇွန် ၁၇

ရန်ကုန် အရှေ့ပိုင်း ခရိုင် ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ မြို့နယ်အတွင်း သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ခြင်ဆေးမှုတ်ခြင်း၊ ဆေးဖျန်းခြင်း လုပ်ငန်းများကို မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ၁၁ ရပ်ကွက်၊ ၁၂ ရပ်ကွက်နှင့် ၁၃ ရပ်ကွက်များအတွင်း ဆောင်ရွက်ကြသည်။

ပါဝင်

ထိုသို့ ဆောင်ရွက်ရာသို့ မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး၊ မြို့နယ်အလုပ်အမှုဆောင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် စည်းရုံးရေးမှူး၊ အမှုဆောင်များနှင့် အသင်းသား အသင်းသူ စုစုပေါင်း အင်အား ၁၅၀ တို့ ပါဝင်ခဲ့ကြောင်း သိရသည်။ (က-ပ)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဂျာမနီတို့ အုပ်စု(ခ)ဒုတိယဖြင့် ကွာတား၌ အုပ်စု(က)ပထမပေါ်တူဂီနှင့် ထိပ်တိုက်တွေ့ပြီ အိမ်ရှင်ဩစတြီးယားတို့ သိက္ခာဆယ်ရေး ကြိုးစားသော်လည်း အခွင့်မသာခဲ့

ဗီယင်နာ ဇွန် ၁၇

ယူရို၂၀၀၈ ဘောလုံးပွဲစဉ်များကို ဇွန် ၁၆ရက်က ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့နှင့် ကလာဂင်ဖတ်မြို့တို့တွင် အုပ်စု(ခ)နောက်ဆုံးပွဲစဉ် နှစ်ပွဲစလုံးကို ယှဉ်ပြိုင်ကစားခဲ့သည်။

ပြိုင်ပွဲမှထွက်ခွာ

ဗီယင်နာမြို့တွင် အိမ်ရှင်ဩစတြီးယားနှင့် ဂျာမနီတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂျာမနီက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိလိုက်သဖြင့် ဩစတြီးယားအသင်းမှာ ပြိုင်ပွဲမှ ထွက်ခွာသွားရပြီဖြစ်သည်။

ပွဲထွက်ခဲ့ကြ

ဩစတြီးယားအသင်းသည် မာချို၊ ဂါရစ်၊ စထရန့်ဇ်၊ ဟီဒင်၊ ပိုဂါတက်ဇ်၊ ဟာမစ်ခ်၊ အော့ဖ်ဟောဆာ၊ အိုင်ဗန်ချစ်၊ ဗုချို၊ ခေါ့စ်မတ်ဇ်၊ ဟော့ဗား တို့ဖြင့် ပွဲထွက်ခဲ့သည်။

ဂျာမနီအသင်းတွင် လေးမန်း၊ ဖရီးဒရစ်ချ်၊ မာတီဆက်ကာ၊ မက်ဇီလ်ဒါ၊ ဖိလစ်လမ်း၊ ဖရစ်ဇ်၊ ဖရင်းဂ်၊ ဘောလက်ခ်၊ ပိုဒေါစကီး၊ ဂိုမက်ဇ်၊ ကလိုဆေးတို့ ပါဝင်ကစားခဲ့ကြသည်။

ဂျာမနီအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ဘောလက်က အလွန်တည်ကန်ဘောမှတစ်ဆင့် သွင်းယူပေးခဲ့စဉ်။ (အင်တာနက်ဓာတ်ပုံ)

ကြိုးစားယှဉ်ပြိုင်

ပထမပိုင်းတွင် ဩစတြီးယားအသင်းသည် အိမ်ရှင်သိက္ခာဆယ်နိုင်ရေးအတွက် ကြိုးစားပြီး ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဂျာမနီအသင်းသည် ဩစတြီးယားကို အနိမ့်ဆုံး သရေကစားရုံဖြင့် အုပ်စုမှတက်နိုင်သော်လည်း အနိုင်ရရှိရန် ကစားခဲ့သည်။ ဩစတြီးယားတို့ အကြိတ်အနယ် ကြိုးစားသော်လည်း ပထမပိုင်းပွဲပြီးသည်အထိ ဂိုးမသွင်းနိုင်ဘဲ သရေကျခဲ့ကြသည်။ ဒုတိယပိုင်းပွဲစသည်နှင့် ဂျာမနီတို့ ဂိုးရရှိရေး ထိုးဖောက်ကစားခဲ့ရာ ဒုတိယပိုင်းပွဲစပြီး လေးမိနစ်အကြာ ဩစတြီးယားဂိုးမှ ကိုက် ၃၀အကွာတွင် ဖိလစ်လမ်းကြောင့်ရသော အလွတ်တည်ကန်ဘောကို မိုက်ကယ်ဘောလက် ကန်သွင်းရာမှ ဂျာမနီတို့ ဦးဆောင်ဂိုး ရရှိခဲ့သည်။

တက်ရောက်

ဩစတြီးယားအသင်းမှ အိုင်ဗင်ချစ်သည် ဂိုးသွင်းခွင့် အကောင်းဆုံးအခြေအနေသို့ ရောက်ရှိခဲ့သော်လည်း ဂိုးအဖြစ် မဖန်တီးနိုင်ခဲ့ချေ၊ ဂျာမနီတို့ ဂိုးထပ်မံရရှိရေး ကြိုးစားသော်လည်း ပွဲပြီးသည်အထိ ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် ပွဲအပြီးတွင် ဂျာမနီတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အုပ်စုဒုတိယဖြင့် ကွာတားတက်ရောက်ကာ အုပ်စု(က)ပထမ ပေါ်တူဂီနှင့် ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

ခရိုအေးရှားတို့ အုပ်စု(ခ)ပထမဖြင့် ကွာတားတက် အုပ်စု(က)ဒုတိယ တူရကီနှင့်ကစားရမည်

ကလာဂင်ဖတ် ဇွန် ၁၇

ယူရို၂၀၀၈ ဘောလုံးပြိုင်ပွဲများကို ဇွန် ၁၆ရက်က ဆက်လက်ကျင်းပခဲ့သည်။ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များကို ဗီယင်နာမြို့နှင့် ကလာဂင်ဖတ်မြို့နှစ်မြို့တို့တွင် တစ်ပြိုင်နက်တည်း ကျင်းပသည်။ ကလာဂင်ဖတ်မြို့၌ ကျင်းပသော ပိုလန်နှင့် ခရိုအေးရှားတို့ပွဲစဉ်တွင် ခရိုအေးရှားက ပိုလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ သုံးပွဲနိုင်ကိုးမှတ်ရရှိပြီး အုပ်စု(ခ)ပထမဖြင့် ကွာတားသို့ တက်ရောက်သွားသည်။

ခရိုအေးရှားမှ ဆီမစ်(ဝဲ)၏ထိုးဖောက်ကစားဟန်။ (အင်တာနက်ဓာတ်ပုံ)

ကြံ့ကြံ့ခံယှဉ်ပြိုင်

ခရိုအေးရှားအသင်းသည် အုပ်စုပထမနေရာကို ဂျာမနီတို့အား လွှဲပြောင်း မပေးရရေးအတွက် ထိန်းထိန်းသိမ်းသိမ်း ကစားသွားခဲ့သည်။ တစ်မှတ်သာ ရသေးသော ပိုလန်တို့ ခရိုအေးရှား အသင်းကို ခြေရည်တူ မယှဉ်ပြိုင်နိုင်ခဲ့ပေ။ သို့သော်လည်း ပိုလန်တို့ ခရိုအေးရှားအသင်းကို ကြံ့ကြံ့ခံ ယှဉ်ပြိုင်ကစားမှုကြောင့် ပထမပိုင်းတွင် သရေကျနေခဲ့သည်။

ဂိုးမိုးခေါင်ခဲ့

ဒုတိယပိုင်းတွင် ပိုလန်တို့ ဂိုးရရှိရေးအတွက် တိုက်စစ်ကိုအရှိန်မြှင့်ကစားရာ ဂိုးသွင်းခွင့် အခွင့်အရေးများစွာရရှိခဲ့သည်။ သို့သော်လည်း ဒုတိယပိုင်း ၅၅မိနစ်တွင် လိုဘော့ဇင်စကီအစား လူစားဝင်လာသူ စမိုလာရက်ခ်က ဂိုးသွင်းခွင့် အခွင့်အရေးများကို ဖြုန်းတီးပစ်ခဲ့သဖြင့် ပိုလန်တို့ဂိုးမိုးခေါင်ခဲ့ရသည်။

တက်ရောက်သွား

ပွဲချိန် ၅၂မိနစ်တွင် ကလာစနစ်က ခရိုအေးရှား အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက် ပိုလန်တို့ ကစားအားတင်ခဲ့သော်လည်း ချေပဂိုးမသွင်းနိုင်ခဲ့ပေ။ ခရိုအေးရှား အသင်းသည် ကွာတားဖိုင်နယ်၌ တူရကီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အင်တာနက်)

ဂျာမနီ၊ ဩစတြီးယား၊ ခရိုအေးရှားနှင့်ပိုလန် နည်းပြများ၏စကားသံများ

ဗီယင်နာ ဇွန် ၁၇

အုပ်စု(ခ) နောက်စုပွဲစဉ်များ ပြီးဆုံးသွားပြီးနောက် နည်းပြများ၏ ပြောကြားချက်များကို ဖော်ပြလိုက်ပါသည်-

“ကျွန်တော်ပိုလန်ကို ပွဲဦးထွက် နိုင်ခဲ့ပေမယ့်လည်း ခရိုအေးရှားနဲ့ပွဲမှာ ရှုံးနိမ့်ထားခဲ့တာမို့ ကွာတားတက်နိုင်ဖို့အတွက် အခုနောက်ဆုံး ဩစတြီးယားနဲ့ပွဲစဉ်မှာ သတိထားပြီး နိုင်အောင် ကစားခဲ့ရပါတယ်။ ကျွန်တော့်လူတွေရဲ့စည်းလုံးညီညွတ်မှုကြောင့် မျှော်လင့်တဲ့အတိုင်း အခုလို အောင်မြင်မှုရခဲ့တာကို ဝမ်းသာမိသလို ဂုဏ်လည်းယူမိတယ်” ဟု ဂျာမနီနည်းပြ ဂျိုအာချင်လိုက ပြောကြားခဲ့သည်။

ဂျိုအာချင်လို

နည်းပြဂျို့ဖ်ဟစ်ကာဘာ

“ဂျာမနီကိုနိုင်ဖို့ မမျှော်လင့်ပါဘူး။ အမြင့်ဆုံးရလဒ်ဟာ သရေပဲလို့ မှန်းထားတာတောင် ဖြစ်မလာပါဘူး။ ကျွန်တော်တို့အသင်းမှာ ပြင်ဆင်စရာတွေ အများကြီးရှိနေပြီဆိုတာကို ဒီယူရို၂၀၀၈ ပွဲစဉ်တွေမှာ သင်ခန်းစားယူနိုင်ခဲ့တာဟာ အရှုံးထဲက အမြတ်ပါပဲ”လို့ ဩစတြီးယားနည်းပြ ဂျိုးဖ်ဟစ်ကာဘာက ဆိုပါသည်။

ဩစတြီးယားနည်းပြဟစ်ကာဘာဂါ

ခရိုအေးရှားနည်းပြ ဘီလစ်

“မနှစ်က ကျောက်ကပ်အစားထိုးထားတဲ့ ကလာစနစ်ဟာ အသင်းအတွက် အနိုင်ဂိုးကို သွင်းယူပေးနိုင်တဲ့အတွက် သူ့အစား ဂုဏ်ယူမိပါတယ်။ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကစားခဲ့ကြတဲ့အတွက်လည်း အောင်မြင်မှုရတာပါ”ဟု ခရိုအေးရှားနည်းပြ ဆလာဗင်ဘီလစ်က ဖွင့်ဟသည်။

ပိုလန်နည်းပြ

“ကျွန်တော်တို့အသင်းအတွက် ခရိုအေးရှားဟာ ဘောလုံးအင်အားကြီးအသင်းတစ်သင်းဖြစ်တာမို့ နိုင်ဖို့ မလွယ်မှန်း သိထားပြီးသားပါ။ အရှုံးထဲကအမြတ်ကတော့ အတွေ့အကြုံရလိုက်တာပါပဲ”ဟု ပိုလန်နည်းပြက ပြောကြားသည်။ ။

(အင်တာနက်)

မြင့်မောင်စိုးနှင့်ချစ်စိုးနိုင် စုစည်းသည်

လာမည့်ပရီမီယာလိဂ်ကန့်လန့်ကာအဖွင့် မန်ယူနှင့်နယူးကာဆယ်ယှဉ်ပြိုင်ရမည်

လန်ဒန် ဇွန် ၁၇

ပရီမီယာလိဂ်ချန်ပီယံ မန်ချက်စတာယူနိုက်တက်အသင်းသည် လာမည့် ဩဂုတ်လ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် အိုးထရက်ဖို့ဒ်၌ နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယှဉ်ပြိုင်ကြမည်

ဩဂုတ် ၁၆ရက်တွင် ကစားမည့် ယင်းပရီမီယာလိဂ် အဖွင့်ပွဲစဉ်၌ ချယ်လ်ဆီးနည်းပြသစ် စကိုလာရီသည် စတမ်းဖို့ဒ်ဘရစ်၌ အက်ဖ်အေဖလားချန်ပီယံ ပို့စ်မောက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နစ်ကီဘတ်နှင့် စီရိုနယ်ဒို

ဝက်စ်ဘရွန်းအသင်းသည် လူငယ်မျိုးဆက်သစ်များဖြင့် ဖွဲ့စည်းထားသော အတောင့်တင်းဆုံး အာဆင်နယ်အသင်းနှင့် အီးမရိတ်ကွင်းကြီး၌ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ဆုံတွေ့

တန်းတက်လာသော စတုတ်အသင်းသည် ဘော်လ်တန်အိမ်ကွင်းသို့ သွားရောက်ကစားချိန်တွင် ဖူဟမ်အသင်းက တန်းတက်အသင်းဟူးလ်နှင့် ကစားရမည်ဖြစ်သည်။ မန်းစီးတီးနည်းပြ မက်ဟုချ်သည် အက်စ်တွန်ဗီလာအသင်းနှင့် ဆုံတွေ့မည်ဖြစ်သည်။

ဘလက်ဘန်းအသင်းသည် ပြီးခဲ့သည့်ရာသီက ပဉ္စမနေရာရသည့် အဲဗာတန်အသင်းနှင့် ဂူတ်ဒီဆင်ပတ်ခ်၌ ကစားရမည်ဖြစ်သည်။ အနီရောင်လီဗာပူးအသင်းမှာ ဆန်းဒါးလန်းအသင်းနှင့် တွေ့မည်ဖြစ်သည်။ ထိုနေ့တွင် မစ်ဒယ်ဘရော့အသင်းက ရီးဗားဆိုက်ကွင်း၌ တော့တင်ဟမ်အသင်းကို လက်ခံယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ (အင်တာနက်)

ရာဖေးလ်နာဒယ် ဝင်ဘယ်ဒန်ဖလား မျှော်မှန်း

လန်ဒန် ဇွန် ၁၇

ရာဖေးလ်နာဒယ်သည် စတုတ္ထအကြိမ်မြောက် ပြင်သစ်အိုးပင်းဖလားကြီးကို ဆွတ်ခူးခဲ့ပြီးနောက် ခုနစ်ရက်အကြာ လန်ဒန်မြို့၌ ကျင်းပသော အာတွိုက်စ်ချန်ပီယံရှစ် ဆုဖလားကြီးကို ကမ္ဘာ့နံပါတ်သုံး အဆင့်ရှိ ဆားဘီးယား တင်းနစ်ကစားသမား ဒီဂျိုကိုဗစ်အား ၇-၆၊ (၈-၆)၊ ၇-၅ ဖြင့်နိုင်ပြီး ဗိုလ်စွဲသွားသည်။

မျှော်လင့်ထား

အသက် ၂၂နှစ်ရှိ နာဒယ်သည် ၁၉၈၀ပြည့်နှစ်က ဆွီဒင်မှ ဘီဂျွန်ဘော့ဂ်ပြီးနောက် တစ်နှစ်တည်းတွင် ပြင်သစ် ရိုလင်းဂါရော့စ်ဖလားနှင့် ဝင်ဘယ်ဒန်ဖလားကြီးကို ဆွတ်ခူးနိုင်သည့် ပထမဆုံးသော တင်းနစ်ကစားသမားဖြစ်လာရန် မျှော်လင့်နေသည်။ **(အင်တာနက်)**

အာတွိုက်ချန်ပီယံရှစ်ပြိုင်ပွဲတွင် အနိုင်ရအောင်ပွဲခံနေသော ရာဖေးလ်နာဒယ်။

ဩဂုတ်၁၆ရက် အဖွင့်ပွဲစဉ်များ

အာဆင်နယ်	-	ဝက်စ်ဘရွန်း
အက်စ်တွန်ဗီလာ	-	မန်စီးတီး
ဘော်လ်တန်	-	စတုတ်
ချယ်လ်ဆီး	-	ပို့စ်မောက်
အဲဗာတန်	-	ဘလက်ဘန်း
ဟူးလ်	-	ဖူလ်ဟမ်
မန်ယူ	-	နယူးကာဆယ်
မစ်ဒယ်ဘရော့	-	တော့တင်ဟမ်
ဆန်းဒါးလန်း	-	လီဗာပူး
ဝက်စ်ဟမ်း	-	ဝီဂန်

ဩဂုတ်၂၃ရက် ယှဉ်ပြိုင်မည့်ပွဲစဉ်များ

ဘလက်ဘန်း	-	ဟူးလ်
ဖူလ်ဟမ်	-	အာဆင်နယ်
လီဗာပူး	-	မစ်ဒယ်ဘရော့
မန်စီးတီး	-	ဝက်စ်ဟမ်း
နယူးကာဆယ်	-	ဘော်လ်တန်
ပို့စ်မောက်	-	မန်ယူ
စတုတ်	-	အက်စ်တွန်ဗီလာ
တော့တင်ဟမ်	-	ဆန်းဒါးလန်း
ဝက်စ်ဘရွန်း	-	အဲဗာတန်
ဝီဂန်	-	ချယ်လ်ဆီး

ယူအက်စ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ တိုက်ဂါးဝုဒ် တတိယအကြိမ်မြောက်ဆွတ်ခူး

ဆန်ဒီဂို ဇွန် ၁၇

တိုက်ဂါးဝုဒ်သည် အမေရိကန်နိုင်ငံ ဆန်ဒီဂိုမြို့၌ကျင်းပသော ယူအက်စ်အိုးပင်းဂေါက်သီးရိုက် အားကစားပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသား ရိုကိုမီဒီအိတ်နှင့် ကျင်းပိုကစားပြီး ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးသွားပြီဖြစ်သည်။**(အောက်ယာပုံ)**

တတိယနေ့ ပြိုင်ပွဲအထိ ဝဲဘက်ဒူးခေါင်းဒဏ်ရာရထားသဖြင့် ရုန်းကန်ကြိုးစားခဲ့ရသော တိုက်ဂါးဝုဒ်သည် တစ်ချက်အသာဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

ဆွတ်ခူးနိုင်ခဲ့

တိုက်ဂါးဝုဒ်နှင့် အမေရိကန်ဂေါက်သီးကစားသမား ရိုကိုမီဒီအိတ်တို့သည် နောက်ဆုံးရက်တွင် ရမှတ်များတူညီနေသဖြင့် ကျင်းပိုကစားခဲ့ရသည်။ သို့သော် ကျင်းပိုကစားရာ၌ တိုက်ဂါးဝုဒ်သည် ကျင်းအမှတ် ၁၈တွင် ၁၂ပေအကွာမှ ကျင်းဝင်အောင်ရိုက်နိုင်ခဲ့သဖြင့် ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

တိုက်ဂါးဝုဒ်သည် ယင်းပြိုင်ပွဲတွင် အနိုင်ရလိုက်သဖြင့် အဓိကဖလားကြီး ၁၄လုံးမြောက်ကို ဆွတ်ခူးနိုင်ခဲ့သည်။

၎င်းသည် အဆိုပါ ယူအက်စ်အိုးပင်းဖလားကို ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၂ခုနှစ်တို့တွင်လည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

(အင်တာနက်)

လေဘေးသင့် ဒေသများ ပြန်လည်ထူထောင်ရေး

ပြည်တွင်းရေကြောင်းက သင်္ဘောများ၊ ဆိပ်ခံများနှင့် အမြန်ယာဉ်များ စီစဉ်ပေးလျက်ရှိ

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာ ဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဇွန် ၁၇

ဧရာဝတီတိုင်းအတွင်းလေဘေးသင့်ခံရသည့် နေရာဒေသများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ ပို့ဆောင်ရေးဝန်ကြီးဌာနက သင်္ဘောများ၊ ဆိပ်ခံများ ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပြီး ထောက်ပံ့ရေးနှင့်ပြန်လည်ထူထောင်ရေးပစ္စည်းများကိုလည်း သင်္ဘောများဖြင့်သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ပြည်တွင်းရေကြောင်း လုပ်ငန်းအနေဖြင့် လေဘေးသင့်ဒေသများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မည်သို့ပါဝင်ကူညီ ဆောင်ရွက်ပေးနေမှုကိုသိရှိရန် မော်လမြိုင်ကျွန်းမြို့သို့ရောက်ရှိနေသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးတင့်နှင့်တွေ့ဆုံမေးမြန်းခဲ့ရာ **“ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးရဲ့ ညွှန်ကြားမှုနဲ့ ကျွန်တော်တို့ပြည်တွင်းရေကြောင်းပိုင် သင်္ဘောလေးစင်းကို ဆေးရုံသင်္ဘောအဖြစ် အသုံးပြုဖို့ ပေးထားပါတယ်။ အဲဒီ သင်္ဘောတွေက မော်လမြိုင်ကျွန်းမြို့ အခြေစိုက် ပပဝင်းဆေးရုံသင်္ဘော၊ ဖျာပုံမြို့အခြေစိုက် တတိုင်းမွှေး ဆေးရုံသင်္ဘော၊ ဘိုကလေးမြို့ အခြေစိုက် တိုင်းအေးဆေးရုံသင်္ဘောနဲ့ လပွတ္တာအခြေစိုက် ဝေသန္တရာ ဆေးရုံသင်္ဘောတွေဖြစ်ပါတယ်”**ဟု ပြောကြားသည်။

ရေယာဉ်နှင့် ဆိပ်ခံတွေ ကမ်းချဖော်ယူရေး ဆောင်ရွက်နေသလို ဆိပ်ခံတွဲ အသစ်တွေချပေးနေပါတယ်။ (ဦးစိုးတင့်၊ ဦးဆောင်ညွှန်ကြားရေးမှူး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)

ပြည်တွင်းရေကြောင်းအနေဖြင့် လေဘေးဒဏ်ခံရပြီးနောက် ဇွန် ၄ ရက်မှ စတင်ကာ သင်္ဘောခရီးစဉ်များကို ပြန်လည် ပြေးဆွဲပေးနိုင်သကဲ့သို့ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်လည်းသင်္ဘောများဖြင့် သက်ဆိုင်ရာ ဒေသများသို့ ပို့ဆောင်ပေးလျက်ရှိသည်။ ထို့အပြင် **ပြည်တွင်းရေကြောင်းပိုင် မေခသင်္ဘောသည်မုန်တိုင်းတိုက်ခတ်ချိန်၌ ဘိုကလေးမြို့နယ်အတွင်း ကမ်းကပ်ထားစဉ် လေဘေးဒဏ်ခံရသူကျေးရွာသား ၃၀၀ခန့် သင်္ဘောပေါ်သို့အလုအယက် တက်ရောက်လာသဖြင့် မုန်တိုင်းဆဲချိန်တွင် ဘိုကလေးမြို့သို့ ပို့ဆောင် ပေးနိုင်ခဲ့**သည်။ တစ်ဖန် လေဘေးဒဏ်ကြောင့်ပျက်စီးသွားသော ကျေးရွာများမှ ကျန်ရစ်သူဒေသခံများအား မေခသင်္ဘောက အကြိမ်ကြိမ် သယ်ယူ ပို့ဆောင်ပေးခဲ့သဖြင့် မေခသင်္ဘောသည် အဆိုပါကျေးရွာများမှ ကျေးရွာသားတို့၏ ကယ်တင်ရှင်လည်း ဖြစ်ခဲ့သည်။

ဧရာဝတီတိုင်းအတွင်း ဆိပ်ခံတွဲသစ်များ လိုက်လံချထားပေးမှုနှင့် ပတ်သက်၍လည်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က **“ကျွန်တော်တို့ လုပ်ငန်းအနေနဲ့ ပြည်တွင်း သင်္ဘောလိုင်းတွေ အခု ရာနှုန်းပြည့် ပြေးဆွဲနေပါပြီ။ တစ်ချိန်တည်းမှာ ကမ်းတင်နစ်မြုပ်သွားတဲ့ ရေယာဉ်နဲ့ ဆိပ်ခံတွေ ကမ်းချဖော်ယူရေး ဆောင်ရွက်နေသလို ဆိပ်ခံတွဲသစ်တွေလည်း ချပေးနေပါတယ်။ အခုဆိုရင် ဧရာဝတီတိုင်းအတွင်းမှာ လပွတ္တာ ဆိပ်ခံတွဲ တ-၁၀၀၅၊ မော်လမြိုင်ကျွန်းဆိပ်ခံတွဲ တ-၁၀၀၆၊ ဘိုကလေးဆိပ်ခံတွဲ တ-၁၀၀၈နဲ့ ဖျာပုံ ဆိပ်ခံတွဲ တ-၁၀၀၉ တို့ကို နေရာချပေးပြီး ဖြစ်ပါတယ်”**ဟု ဆက်လက်ရှင်းပြသည်။

ဆိပ်ခံတွဲသစ်များမှာ အလျား ၁၁၄ပေ ၁၀လက်မ၊ အနံ ၁၉ပေ ၈လက်မ၊ ဇောက် ၄ပေ ၈လက်မနှင့် ကုန်တင်ဆောင်နိုင်မှု တန် ၁၀၀နှင့် ကုန်သိုလှောင်နိုင်မှု တန် ၁၀၀ထားရှိ အသုံးပြုနိုင်သည့် မိုးလုံလေလုံဆိပ်ခံတွဲသစ်များဖြစ်သည်။ အဆိုပါ ဆိပ်ခံတွဲသစ်များကို ပြည်တွင်းအလှူရှင်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်ထားကြခြင်း ဖြစ်သည်။

ယခုကဲ့သို့ ဆိပ်ခံတွဲသစ်များနေရာချပေးမှု၏ရည်ရွယ်ချက်အကျိုးကျေးဇူးများနှင့်ပတ်သက်၍လည်း “လေဘေးသင့်ခံရတဲ့ ဧရာဝတီတိုင်း အဓိကမြို့နယ်လေးခုမှာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ဖို့အတွက် သယ်ယူပို့ဆောင်ရေးနဲ့ သိုလှောင်ရေး ကဏ္ဍတွေ ထိရောက် အဆင်ပြေဖို့ ပို့ဆောင်ရေးဝန်ကြီးရဲ့ ညွှန်ကြားချက်နဲ့ မြို့ပြ ထူထောင်ရေးမှာ သွက်လက် လျင်မြန်စေရေး၊ အခုလို ဆိပ်ခံတွဲအသစ်တွေနေရာချပေးနေခြင်းဖြစ်ပါတယ်။ ဆိပ်ခံတွဲတွေ နေရာလိုက်ချပေးနေတာ အခု မော်လမြိုင်ကျွန်းမြို့မှာပြီးစီးပြီဖြစ်ပါတယ်။ ဒီလို ဆိပ်ခံတွဲအသစ်တွေချပေးမှုကြောင့် ရရှိမယ့်အကျိုးကျေးဇူးကတော့ မြို့ပြ အင်္ဂါရပ်နဲ့အညီတင့်တယ်ခြင်း၊ ရေယာဉ်များအန္တရာယ်ကင်းရှင်းစွာ လွယ်လင့်တကူ ဆိုက်ကပ်နိုင်ခြင်း၊ ထောက်ပံ့ထူထောင်ရေးကုန်ပစ္စည်းများ လျင်မြန်စွာ တင်ချနိုင်ခြင်း၊ ထောက်ပံ့ ထူထောင်ရေးကုန်စည်များ လေလွင့်ပျက်စီးမှု ကာကွယ်နိုင်ခြင်းနဲ့ အဆောက်အအုံရှားပါးချိန် ကာလ၌ ကုန်သိုလှောင်ရုံအဖြစ် အသုံးပြုနိုင်ခြင်းတို့ဖြစ်ပါတယ်”ဟု ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ပြောကြားသည်။

ထို့အပြင် ဧရာဝတီတိုင်းအတွင်း လေဘေးဒဏ်ခံရသော မြို့နယ်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အမြန် စက်တပ်ဖိုင်ဘာလှေ၁၁စင်းကိုလည်းပေးအပ်ခဲ့ရာတွင် ဖျာပုံ၌နှစ်စင်း၊ ဘိုကလေး၌ သုံးစင်း၊ လပွတ္တာ၌သုံးစင်းနှင့် မော်လမြိုင်ကျွန်းအတွက် သုံးစင်းတို့ဖြန့်ခွဲ အသုံးပြုလျက်ရှိကြောင်း တွေ့ဆုံမေးမြန်းမှတ်တမ်းကို သတင်းခရီးအဖြစ် တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

> **ပြည်တွင်းရေကြောင်းပိုင် မေခသင်္ဘောသည် မုန်တိုင်းတိုက်ခတ်ချိန်၌ ဘိုကလေးမြို့နယ်အတွင်း ကမ်းကပ်ထားစဉ် လေဘေးဒဏ်ခံရသူ ကျေးရွာသား ၃၀၀ ခန့် သင်္ဘောပေါ်သို့ အလုအယက် တက်ရောက်လာသဖြင့် မုန်တိုင်းဆဲချိန်တွင် ဘိုကလေးမြို့သို့ ပို့ဆောင်ပေးနိုင်ခဲ့။**

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ဆိပ်ကမ်းတွင် မြစ်ဝကျွန်းပေါ်ဒေသရှိ လေဘေးသင့်ဒေသများ၏ လိုအပ်ချက်နှင့် လိုက်လျောညီထွေစွာ ပြုပြင် တည်ဆောက်ထားသည့်“တ”အမျိုးအစား ဆိပ်ခံတွဲအသစ်ကို ဤသို့တွေ့ရသည်။

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ဆိပ်ကမ်းတွင် နစ်မြုပ်သွားသော ကသ-၀၀၈ ဆိပ်ခံတွဲကို ပြန်လည်ဖော်ယူနေစဉ်။

ပုစွန်တောင်မြို့နယ် ယဉ်ကျေးမှုစာမေးပွဲ စာအောင်ဆုများ ပေးအပ်ချီးမြှင့်ပွဲကို ဇွန်၁၅ရက်က မြသိန်းတန်ကျောင်းတိုက်၌ကျင်းပရာ မြသိန်းတန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရက ဂုဏ်ထူးဖြင့်အောင်မြင်သူတစ်ဦးအား ဆုချီးမြှင့်စဉ်။(၁၂၅)

ဖျာပုံ၊ ဘိုကလေးနှင့် ဒေးဒရဲမြို့နယ်အတွင်း ရေလုပ်ငန်းများ ပြန်လည်ထူထောင်ရေး

မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ငွေထုတ်ချေးသွားမည်

ရန်ကုန် ဇွန် ၁၇

မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းအတွင်း ရေလုပ်ငန်းကဏ္ဍ ပြန်လည်ဖွံ့ဖြိုးရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဇွန် ၈ရက်နှင့်၉ရက်တို့က ဖျာပုံ၊ ဘိုကလေးနှင့် ဒေးဒရဲမြို့နယ်များသို့ရောက်ရှိပြီး ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများအား တွေ့ဆုံ၍ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့သော အအေးခန်းစက်ရုံများ၊ ကမ်းနီးကမ်းဝေး စက်လှေများ၊ ငါးပုစွန်မွေးကန်များ ပြန်လည်ထူထောင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ အတိုင်းအတာ သတ်မှတ်ကာ ငွေထုတ်ချေးသွားမည်ဖြစ်ကြောင်း၊ တင်ဒါပိုက်ချက်နှင့် ဘုံငါးဖမ်းကွက်များတွင် အောက်ခြေရေလုပ်သားများ အဆင်ပြေစေရေးအတွက် ဇွန်၊ ဇူလိုင်နှင့်ဩဂုတ်လ သုံးလအတွင်း အခမဲ့သားငါးများ ရှာဖွေခွင့်ပြုခဲ့ကြောင်း သိရသည်။

၅၀ရာခိုင်နှုန်း အခွန်ကင်းလွတ်

ထို့အပြင် တင်ဒါပိုက်ချက် လုပ်ကိုင်သူများကိုလည်း နစ်နာမှု မရှိစေရေးအတွက် ၅၀ရာခိုင်နှုန်း အခွန်ကင်းလွတ်ခွင့်ပြုခဲ့ကာ အင်းလုပ်ငန်းရှင်များအတွက် ၎င်းတို့၏အင်းခွန်ကို ယခင်က အကျေပေးသွင်းပြီးလုပ်ကိုင်ခွင့်ပြုခဲ့ရာမှ ယခုအခါတွင် အင်းခွန်ကို ဇူလိုင်လတွင်ပထမအရစ်၊ အောက်တိုဘာလတွင် ဒုတိယအရစ်နှင့် ဒီဇင်ဘာလတွင် တတိယအရစ် သတ်မှတ်၍ ပေးသွင်းခွင့်ပြုခဲ့သည်။

ဆောင်ရွက်ပေးသွားမည်

အလားတူ အောက်ခြေအဆင့် ရေလုပ်သားများကိုလည်း လိုအပ်သောပိုက်နှင့် ၂၁ပေအလျားရှိ လှေများလည်း ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် စက်များ တပ်ဆင်ပေးသည်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြန်လည်ပေးဆပ်

အဆိုပါ ပံ့ပိုးကူညီမှုများကိုလည်း စာရင်းမှတ်စနစ်ဖြင့် ရေလုပ်သားများ လုပ်ငန်းအဆင်ပြေ ချောမွေ့စေမည့်ကာလတစ်ခု သတ်မှတ်၍ ပြန်လည်ပေးဆပ်သွားရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စစ်ကွင်းအသင်း(ရန်ကုန်)

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၁၇

စစ်ကွင်းအသင်း(ရန်ကုန်)၏ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၆ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ စမ်းချောင်းမြို့နယ် ဥယျာဉ် တိုက်ကျောင်းဝင်းရှိ ရွှေကျင်ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။

၂၀၀၆-၂၀၀၇ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးမည်ဖြစ်ရာ ခိုင်လုံသော အထောက်အထားဖြင့် ဇွန် ၃၀ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြရမည်ဖြစ်သည်။ အသင်းဝင်များနှင့်အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ရန်ကုန်ရောက် စစ်ကွင်းသူ၊ စစ်ကွင်းသားများ ကြွရောက်ကြရန်နှင့် လှူဒါန်း လိုသူများသည် ဦးသောင်းရှိန် ဖုန်း-၅၈၁၀၄၁၊ ဦးခင်ကြွယ် ဖုန်း-၅၃၄၁၂၈၊ ဦးမြင့်သိန်း ဖုန်း-၅၀၄၀၆၉၊ ဦးဝင်းမောင် ဖုန်း-၅၂၅၀၄၀၊ ဦးတင်ဝင်း ဖုန်း-၅၂၅၀၈၃၊ ဦးသန်းစိန် ဖုန်း-၅၄၈၇၀၁၊ ဦးတင်အောင် ဖုန်း-၇၀၆၈၀၂နှင့် ဦးစောတင်အုန်း ဖုန်း-၅၀၁၆၄၄ လိုင်းခွဲ ၁၁၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် အမှတ်၂၃(ဘီ)နေ ဒုတိယဗိုလ်မှူးကြီးကြည်မောင်(ငြိမ်း)-ဒေါ်ခင်ကြည်၊ သား မောင်ဝင်းအောင်၊ မဝင်းယုနွယ်၊ မြေး မအင်ကြင်း၊ မောင်နိုင်ဦး၊ မဝင်းပပမျိုး၊ မဝင်းသူသူထက် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကရွှေရတု၊ ငွေရတုကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို ပိဋကနှစ်ပုံခွဲအောင် ဆရာတော် ဘဒ္ဒန္တပညာသိရီလင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးညိုအောင်ချမ်းသာသဗ္ဗညုစေတီတော်အုတ်မြစ်တော်စီမင်္ဂလာကျင်းပ

မိုးညို ဇွန် ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) မိုးညိုမြို့ ဓမ္မိကပရိယတ္တိစာသင်တိုက် ဓမ္မိကကုန်းမြေပေါ်တွင် တည်ထားကိုးကွယ်တော်မူမည့် အောင်ချမ်းသာသဗ္ဗညုစေတီတော်မြတ်ကြီး အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို မေ၂၂ရက်က ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌပြည်မြို့ဇောတိကာရုံ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တကုဏ္ဍလဇောတိအမှူးပြု၍ မြို့နယ်ဥက္ကဋ္ဌနှင့်ဂေါပကအဖွဲ့တို့က အုတ်မြစ်တော်စီကြသည်။(အောက်ပုံ)

အခမ်းအနားတွင် တိုင်းသံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် သံဃာတော် အရှင်သူမြတ် အပေါင်းတို့က ရွှေကြုတ်၊ ငွေကြုတ်၊ ကမ္ဗည်းကျောက်စာတို့ကို ဌာပနာသွင်းပူဇော်လှူဒါန်းကြသည်။

အောင်ချမ်းသာ သဗ္ဗညုစေတီတော်မြတ်ကြီး အောင်မြင်စွာ အပြီးတည်ထား ကိုးကွယ်နိုင်ရန် ခန့်မှန်းငွေကျပ်သိန်း ၅၀၀ ကုန်ကျမည်ဖြစ်ရာ လှူဒါန်းလိုကြသော အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များသည် မိုးညိုမြို့ စေတီတော်တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်ဆွေ ဖုန်း-၀၅၃-၂၀၂၇၂၊ ၀၁-၃၃၃၆၂၃၊ လိုင်းခွဲ ၅၄၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးကျော်စိုး ဖုန်း-၀၁-၂၁၁၃၃၂၊ ဦးကျော်ဟိုး (လ/ထညွှန်ကြားရေးမှူး-ငြိမ်း)ဖုန်း-၀၁-၅၅၃၆၈၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

စက်ချုပ်နှင့် သိုးမွေး စက်ဆွဲသင်တန်း မင်းတပ်၌ဖွင့်

မင်းတပ် ဇွန် ၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မင်းတပ်အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၏ အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၁၇/၂၀၀၈)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၉/၂၀၀၈)၊ အခြေခံ ရက်ကန်းသင်တန်း အမှတ်စဉ်(၆/၂၀၀၈)နှင့် သိုးမွေးစက်ဆွဲသင်တန်းအမှတ်စဉ်(၁၂/၂၀၀၈)သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ၂၀ရက်နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး အိမ်တွင်းမှုကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

လေဘေးသင့်ပြည်သူများအတွက် ယင်းမာပင်၌ အလှူငွေပေးအပ်

ယင်းမာပင် ဇွန် ၁၀

မုံရွာခရိုင် ယင်းမာပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသာယာအေးခန်းမ၌ မေ၃၀ရက် မွန်းလွဲ၂နာရီက လေဘေးသင့် ပြည်သူများအတွက် ကျေးရွာအုပ်စုများ၏ ပထမအကြိမ်အလှူငွေပေးအပ်ပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာစာရေးများ တက်ရောက်ကြသည်။

လှူဒါန်း

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးစိုးလှိုင်က အမှာစကားပြောကြားပြီး (ဝဲပုံ)ကျေးရွာအုပ်စု၂၆အုပ်စုက စုစုပေါင်း အလှူငွေကျပ် ၂၄၈၆၆၀၀ကို လှူဒါန်းကြရာ ဌာန ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

(၁၅)ကြိမ်မြောက် အလှူရှင် ရေတွင်းဖြစ်သော တောင်သာမြို့နယ် ကြည်ကုန်းကျေးရွာ နှစ်လက်မ စက်ရေတွင်း တူးဖော်မှုလုပ်ငန်းကို ဇွန် ၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဝင်း ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ပေါင်မြို့၌ မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေး

ပေါင် ဇွန် ၁၂

ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပေါင်မြို့ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဦးဖေသိန်းနှင့် ဝန်ထမ်းများက မိုးရာသီ စပါးစိုက်ပျိုး ထုတ်လုပ်ရန် ၂၀၀၈ခုနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၉၅၂၄၈၀၀၀ ကို မေ၁၆ ရက်ကစ၍ ပေါင်မြို့နယ်အတွင်းရှိရပ်ကွက်၊ကျေးရွာ အုပ်စု၅၄အုပ်စုမှ တောင်သူလယ်သမားများအား မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေါင်းကျပ် ၄၉၅၆၉၆၀၀၀ ကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွက်ပေါင်မြို့နယ်အနေဖြင့် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေ ပေါင်းသိန်း၇၀၀၀ကိုထုတ်ချေးပေးမည်ဖြစ်ရာ ကျန်ရှိသော ရပ်ကွက်၊ ကျေးရွာများမှ တောင်သူလယ်သမား ဦးကြီးများအား စိုက်ပျိုးစရိတ် ချေးငွေများကို ဇွန်လအတွင်း အပြီးသတ်ထုတ်ချေးပေးသွားရန်တာဝန်ရှိသူများက စီစဉ်လျက်ရှိကြောင်းသိရသည်။

(မြို့နယ်စာနယ်ဇင်း)

စက်ရေတွင်းပြင်ဆင်ထိန်းသိမ်း

အောင်လံမြို့ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စမ်းကလေးကျေးရွာတွင် တူးဖော်ထားသော နှစ်လက်မ စက်ရေတွင်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဇွန်၅ရက်က အမှုဆောင်အရာရှိဦးသက်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ(စက်မှု) ဦးထွန်းသူအောင်တို့ ကြပ်မတ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေး အသိပညာပေး

ပုလဲ ဇွန် ၁၁

ပုလဲမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကိုယ်ဝန်ဆောင် မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှု အသိပညာပေးဟောပြောပွဲကို မေ၂၈ရက်က ပုလဲရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေမျိုးအေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာသက်သက်အောင်က သွေးလွန်တုပ်ကွေးရောဂါနှင့် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုလုပ်ငန်းများအကြောင်းကို အသိပညာပေး ဟောပြောသည်။

အခမ်းအနားသို့ တက်ရောက်သည့် ကိုယ်ဝန်ဆောင် မိခင် ၁၄ဦးတို့ကို ဆန်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

လှည်းကူးမြို့ ပြည်တော်သာရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းမှုကို ဇွန် ၈ရက်က တိုင်းကျန်းမာရေးအဖွဲ့မှ ဒေါက်တာဦးဇော်လင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးစိန်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မော်လိုက်မြို့ သာယာလှပရေး ဆောင်ရွက်

မော်လိုက် ဇွန် ၁၂

မော်လိုက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ မြို့သာယာ လှပရေးအတွက် ဆောင်ရွက်လျက်ရှိသော မင်္ဂလာလမ်းတစ်လျှောက် လမ်းဘေး ပလက်ဖောင်း ကပ်တုံးများ ဆောင်ရွက်မှုကို မေ၂၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲထွဋ်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်မောင်မောင်တို့ လုပ်ငန်းအရည်အသွေးပြည့်မီစေရေးနှင့်အလေအလွင့်နည်းပါးစေရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဇီဝိတဒါနသံဃာ့ဆေးရုံ (မန္တလေး)သို့ အလှူငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲကို မေ ၂၅ ရက်က ဆေးရုံအုပ်ကြီးရုံးခန်း၌ကျင်းပရာ အလှူရှင် ဦးမောင်မောင်-ဒေါ်ခင်စန်းရီ၊ သမီး ဒေါ်ရွှေလှ ရီရှင်းကုမ္ပဏီလီမိတက်နှင့် ညီမ်းဆေးတိုက်မိသားစုကအလှူငွေကျပ် သိန်း၁၀၀ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာမြမောင်နှင့်ဆေးရုံဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်တို့ကလက်ခံပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၁၁၃)

တာချီလိတ် ခရိုင်ပြန်/ဆက် လုပ်ငန်းညှိနှိုင်းစည်းဝေး

တာချီလိတ် ဇွန် ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခရိုင်နှင့် မြို့နယ်ရုံးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၃၀ ရက် နံနက် ၉ နာရီက စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးမောင်ကြည်က ၂၀၀၈-၂၀၀၉ ခုနှစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ အောင်မြင်ရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးလှငွေက ကျေးရွာစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးနှင့် စာကြည့်တိုက်များ မှတ်ပုံတင်ရေးကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ဆောင်ရွက်

ထို့နောက် တာလေနှင့် ကျိုင်းလပ်မြို့ရုံးတို့မှ ဒုတိယဦးစီးမှူးများက စာကြည့်တိုက်ခိုင်မာရှင်သန်ရေးဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကြေးပိဋကတ်တော်ပြုလုပ်ရန် ကြေးပြားများလှူဒါန်း

ရန်ကုန် ဇွန် ၁၇

ကြေးပိဋကတ်တော် သုတ္တန္တပိဋက၊ ခုဒ္ဒကနိကာယ်ဝင် **ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကျမ်း** အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တညာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)အရှင်မြတ်ထံသို့ ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(လေ၊ငြိမ်း)-ဒေါ်ခင်ဆွေညွန့်(ချယ်ရီ) မိသားစုက အကျိုးဆောင်၍ အမှတ်၅၂ ရွှေတောင်ကြားလမ်း ဗဟန်းနေ ဦးရန်နိုင်လွင်-ဒေါ်သင်းသင်းထား၊ သားမောင်ရန်နိုင်အောင်မိသားစုက ကြေးပြားအချပ်၁၀၀၊ မိခင်ကြီး၊ ဒေါ်သန်းလှအားရည်စူး၍ အမှတ်(၉၉ဒီ၊၃-ဒီ.၄) ဦးအောင်ကိန်းလမ်းသွယ် သံလွင်လမ်း ဗဟန်းနေ ဖခင်ကြီး ဦးမြသီးအား အမှူးထားပြီး သားသမီး၊မြေးမြစ်မိသားစုက ကြေးပြားအချပ် ၅၀၊ မိတ်ဆွေများဖြစ်ကြသော General Chaichana -Mrs. Daorueng Thareechat တို့အား ရည်စူး၍ သမီး Miss Pornpon Thareechat(MDX-Group of Company)Bangkok, Thailand ကကြေးပြား၁၀ချပ်၊ ဦးဦးခိုင်-ဒေါ်အုံးကြူနှင့်ဦးစိန်-ဒေါ်စောညွန့် တို့အား ရည်စူး၍ အမှတ် ၇၃ တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းနေ အငြိမ်းစား ဒုတိယ ဗိုလ်ချုပ်ကြီးတင်ထွန်း(လေ)-ဒေါ်တင်တင်စိန်နှင့်သားသမီး၊ မြေးတစ်စု၊ အမှတ် ၂၆ ကမ္ဘောဇရိပ်သာလမ်း ဗဟန်းနေ ဦးအောင်လှဝင်း -ဒေါက်တာချောချောခိုင် မိသားစုက ကြေးပြား ၅ချပ်စီ၊ အမှတ် ၃၄ ပုလဲလမ်းသွယ် ၂လမ်း သံသုမာလမ်း ၅၄ (က) ရပ်ကွက် သုဝဏ္ဏမြို့သစ်နေ ဦးဘဝင်း-ဒေါ်အေးကြည်၊ဦးခင်ညွန့်-ဒေါ်မူမူတို့အား အမှူးထား၍ အစ်မကြီး ဒေါ်မာစူး၊ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း (လေ၊ငြိမ်း)-ဒေါ်ခင်ဆွေညွန့်၊ သမီးမချိုမာ၊ သားမောင်နေလင်း-မသဇင်စိုး၊ မြေး မောင်လင်းပြည့် မိသားစု **(ယာပုံ)**၊ မိဘ ဦးတင်အေး-ဒေါ်ရီရီ တို့အားရည်စူး၍ သမီးကြီး မမာစူး၊ ဒေါက်တာ လှညွန့်အားရည်စူး၍အမေရိကန်ပြည်ထောင်စု ဘော်စတွန်မြို့နေ ဒေါ်နီနီညွန့်၊ သမီး မာစူး၊ ဝင်းဝင်းညွန့်၊ စီစီညွန့်၊ မြေး မိသားစုတို့က ကြေးပြားတစ်ချပ်စီ စုစုပေါင်းကြေးပြား ၁၇၄ ချပ်ကို လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(က-ပ)**

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ မေ ၂၉ ရက်က ကျောက်မြောင်းဆိပ်ကမ်းသာယာလှပရေးနှင့် ရေယာဉ်များ စနစ်တကျ ဆိုက်ကပ်ရပ်နားမှုရှိစေရေး စိစစ်ကြပ်မတ်စဉ်။ (မြို့နယ်စည်ပင်)

ရှင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြနန္ဒာလမ်း လမ်းပေါက်ဖာထေးခြင်းကို ဧပြီ ၂၈ ရက်က အမှုဆောင်အရာရှိ ဦးအောင်စည်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

မိုးဦးကျကာလတွင်ဖြစ်ပွားလေ့ရှိသော ကျွဲ၊ နွား ခွာနာလျှာနာအတွက် ကြိုတင်ကာကွယ်ရန်သတိပေးနှိုးဆော်ချက်

၁၅-၆-၂၀၀၈ ရက်

၁။ **မြန်မာနိုင်ငံအတွင်း ရောဂါကူးစက်ဖြစ်ပွားမှု**

မိုးရာသီကာလတွင် ကျွဲ၊ နွား ခွာနာလျှာနာရောဂါသည် အောက်ဖော်ပြပါအခြေအနေများကြောင့် ကူးစက် ဖြစ်ပွားလေ့ရှိပါသည်-

- လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းစေရန်အတွက် ကျွဲ၊ နွားများ ရောင်းဝယ်ပြောင်းရွှေ့သယ်ယူကူးသန်းသွားလာရာမှ ရောဂါကူးစက်ဖြစ်ပွားခြင်း။
- ခြောက်သွေ့ပူပြင်းမှုနှင့် စိုစွတ်မှုအပြောင်းအလဲအရ ရောဂါဖြစ်ပွားမှု အခွင့်အလမ်းပိုများခြင်း။
- ကျွဲ၊ နွားများရောင်းဝယ်လွှဲပြောင်းရာတွင် ခွာနာလျှာနာရောဂါဖြစ်ပွားခဲ့သော ကျွဲ၊ နွားများမှ ရောဂါပိုးသယ်ဆောင်၍ အခြားရောဂါခုခံမှုအားနည်းသော တိရစ္ဆာန်များသို့ကူးစက်ခြင်း။
- ခွာနာလျှာနာရောဂါပိုးရပ်စ်ပိုး၏ သဘာဝအရ စိုထိုင်းဆများသော မိုးကာလတွင် လေမှတစ်ဆင့် အလွန်ဝေးကွာသော နေရာများရှိ အခြားခုခံမှုနည်းသော တိရစ္ဆာန်များသို့ ကူးစက်ခြင်း။
- ကျွဲ၊ နွားလွှတ်ကျောင်းစားကျက်များမှတစ်ဆင့် ကျွဲ၊ နွားအချင်းချင်း ထိတွေ့၍ကူးစက်ခြင်း။
- ရောဂါဖြစ်ပွားသော တိရစ္ဆာန်များအား ခွဲလှောင်ထားခြင်းမပြုလုပ်ဘဲ လွှတ်ကျောင်းသည့်အတွက် အခြားတိရစ္ဆာန်များသို့ ကူးစက်စေနိုင်ခြင်း။
- ရောဂါဖြစ်သော တိရစ္ဆာန်နှင့် ရောဂါမဖြစ်သောတိရစ္ဆာန်များကို ခြံတစ်ခုတည်းတွင် အတူတူထားရှိခြင်း။
- သိုး၊ ဆိတ်၊ ဝက်များမှ တစ်ဆင့်လည်း ကျွဲ၊ နွားသို့ရောဂါကူးစက်နိုင်ခြင်း။
- ရောဂါဖြစ်ပွားမှုကို အလေးမမူဘဲ သက်ဆိုင်ရာဒေသခံ အာဏာပိုင်အဖွဲ့အစည်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများသို့ သတင်းပေးပို့မှုနောက်ကျခြင်း။
- ရောဂါဖြစ် တိရစ္ဆာန်များအား စနစ်တကျကာကွယ်ခြင်းမပြုလုပ်ဘဲ ဆေးမြီးတိုများနှင့်သာကုသခြင်း။

၂။ **ရောဂါကြိုတင်ကာကွယ်တားဆီးရေး**

ကျွဲ၊ နွား ခွာနာလျှာနာရောဂါဖြစ်ပွားပါက တောင်သူလယ်သမားအနေဖြင့် လယ်ယာလုပ်ငန်းခွင်တွင် ထိခိုက်ဆုံးရှုံးမှုများ ရှိနိုင်၍ အောက်ဖော်ပြပါ ရောဂါကြိုတင်ကာကွယ်မှုလုပ်ငန်းများကို တိရစ္ဆာန်ကျန်းမာရေးအသိဖြင့် သတိပြုလုပ်ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်-

- မိုးဦးကျကာလတွင် ကျွဲ၊ နွားများရောင်းဝယ်ပါက ခွာနာလျှာနာရောဂါဖြစ်ပွားမှုမရှိသော ဒေသမှ ကျွဲ၊ နွားများကို ရွေးချယ်ဝယ်ယူခြင်း။
- မိမိဒေသပတ်ဝန်းကျင်တွင် ခွာနာလျှာနာရောဂါဖြစ်ပွားကြောင်းသိရှိပါက မိမိပိုင်ကျွဲ၊ နွားများအား စားကျက်သို့ လွှတ်ကျောင်းခြင်းမပြုဘဲ ခြံလှောင်၍ အာဟာရဖြစ်စေနိုင်သော အစာများကို ကျွေးမွေးခြင်း။
- ရောဂါဖြစ်တိရစ္ဆာန်များအား စားကျက်သို့မလွှတ်ဘဲ ခြံလှောင်၍ သီးခြားပြုစုကုသခြင်း။
- ရောဂါဖြစ်တိရစ္ဆာန်များအား လျှာကိုကျောက်ချဉ်ရည် (၁၀ရာခိုင်နှုန်း)ဖြင့် တစ်နေ့သုံးကြိမ် ပွတ်လိမ်းပေးခြင်း။
- ခွာနာကို ဆေးကတ္တရာအရည်သုတ်လိမ်း၍ ခြောက်သွေ့သောနေရာတွင် ထားရှိခြင်း၊ ဆေးကတ္တရာအရည် မရရှိပါက မှုမှန်ဆားရည် (ဝဒသမ ၈၅ရာခိုင်နှုန်း)ဖြင့် ဆေးကြောခြင်း။
- ရောဂါဖြစ်တိရစ္ဆာန်မှ စွန့်ထုတ်သော ကျင်ကြီး၊ ကျင်ငယ်များအား စနစ်တကျစုပုံထိန်းသိမ်းရန်နှင့် ကျွဲ၊ နွားထားသည့်နေရာနှင့် ခြံပတ်ဝန်းကျင်များကို သန့်ရှင်းရေးပြုလုပ်၍ ထုံးမှုန့်ဖြူးပေးခြင်း။
- မိမိဒေသတွင် ခွာနာလျှာနာရောဂါဖြစ်ပွားကြောင်း သိရှိပါက သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များသို့ ဆောလျင်စွာအကြောင်းကြားခြင်း၊ ရောဂါထိန်းချုပ်ရန်အတွက် ရောက်ရှိလာသော ဌာနဆိုင်ရာ အဖွဲ့အစည်းများအား ပူးပေါင်းပါဝင်ကူညီခြင်း။
- မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ လိုအပ်ပါက ကြိုတင်ကာကွယ်ဆေးများကိုထိုးနှံပေးခြင်း။

၃။ **ဆောလျင်စွာသတင်းပေးပို့ရေး** (Early Reporting)

ဒေသအာဏာပိုင်အဖွဲ့၊ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်နှင့် ပြည်နယ်၊တိုင်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များသို့ ဆောလျင်စွာသတင်းပို့၍ ရောဂါဖြစ်ပွားမှုကို လျင်မြန်စွာထိန်းချုပ်နိုင်ရေး (Rapid Response) ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ဟားခါးမြို့ သာယာလှပရေး ပန်းအလှပင်များ စိုက်ပျိုး

ဟားခါး ဇွန် ၉

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူးဒေါ်ကျိန်ရှမ်းနဲမ်း ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ မေ ၂၇ ရက်က မြေယာရှင်းအလှ လေးနေရာတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတမ်အောင် ကြီးကြပ်၍လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့ နွေရာသီသောက်သုံးရေ ပြတ်လပ်မှု မရှိစေရေးဆောင်ရွက်ထားမှုကို မေ ၁၅ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်က ရှင်းလင်းတင်ပြစဉ်။ (ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ၂၉ရက်က သံဖြူဇရပ်မြို့ အထက(၁) ပညာဗိမာန်ခန်းမ၌ ကျင်းပရာ ကျောင်းနေအရွယ်ကလေးများအတွက် ဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်းများဝယ်ယူရန် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဦးက ထောက်ပံ့ငွေများပေးအပ်ရာ မြို့နယ်ပညာရေးကော်မတီဝင် မြို့နယ်လဝကဦးစီးမှူးဦးသော်တာသွင် လက်ခံယူစဉ်။ (ပညာရေး)

မော်လမြိုင် ဦးဇီနာ၊ ကျိုက်သုတ်နှင့် ကျိုက်သလ္လံစေတီတော် ဘက်စုံ ပြုပြင်တည်ဆောက်မှုလုပ်ငန်းအတွက် လှူဒါန်းနိုင်

မော်လမြိုင် ဇွန် ၁၂

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ သမိုင်းဝင် ဆံတော်ရှင် ဦးဇီနစေတီတော် ပရိဝုဏ်အတွင်း ဘက်စုံတည်ဆောက်မှု လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ အမြန်ဆုံးပြီးမြောက်ရေးအတွက် ရပ်ဝေး၊ ရပ်နီးရှိ အလှူရှင်များ လှူဒါန်းနိုင်ရန် တည်ဆောက်ပြုပြင် ကျင်းပရေးကော်မတီ ဦးစီးနာယက ဦးစိန်မြင့်(တိုင်းရောင်းဝယ်ရေးအရာရှိ၊ မွန်ပြည်နယ်)၊ အတွင်းရေးမှူးဦးလှတင် ဖုန်း-၀၅၇-၂၁၉၃၆၊ ဂေါပကအဖွဲ့ရုံးဖုန်း-၀၅၇-၂၆၄၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အလားတူ မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်ရှိ ဆံတော်ရှင်ဆုတောင်းပြည့် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင် တည်ဆောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ အမြန်ဆုံးဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် ကုသိုလ်ပါဝင်လိုသူများသည် ကျိုက်သုတ်စေတီတော်မြတ်ကြီး ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၅၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော် ဖုန်း-၀၅၇-၂၅၅၉၂၊ အတွင်းရေးမှူး ဦးမျိုးခိုင် ဖုန်း-၀၅၇-၂၄၆၉၀နှင့် မော်လမြိုင်မြို့နယ်အသင်း(ရန်ကုန်) ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ် အောက်ပစ္စယာ ဖုန်း-၀၁-၂၅၆၁၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ထို့အတူ မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင် တည်ဆောက်မှု လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ အမြန်ဆုံးပြီးစီးရေးအတွက် လှူဒါန်းလိုသူများသည် ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမောင်မောင် ဖုန်း-၀၅၇-၂၄၈၇၇၊ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄၊ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၇-၂၁၃၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စမ်းချောင်း လင်းလွန်းပင်ကျောင်းဆောင်များ ပြန်လည်ပြုပြင်ရန်အတွက် ငွေများလှူဒါန်း

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ် ၃၀ ကြံခင်းလမ်းနေ ဒေါ်ခင်မေနွဲ့ [မြန်မာစာ၊ ပါမောက္ခ(ငြိမ်း)]နှင့် ဒေါ်ခင်မေသွဲ့[ကျောင်းအုပ်၊ အထက-၃ စမ်းချောင်း၊ (ငြိမ်း)] မိသားစုက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသော စမ်းချောင်းမြို့နယ် လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်ကြီးအတွင်းရှိ ကျောင်းဆောင်များ ပြန်လည်ပြုပြင်ရန်အတွက် ဆရာတော်ဘဒ္ဒန္တဥတ္တမာစာရထံ အလှူငွေကျပ်ငါးသိန်း ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

လှူဒါန်းနိုင်

ပြုပြင်ဆဲကျောင်းဆောင်များအတွက် လှူဒါန်းလိုသူများသည်လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်သို့ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း၀၁-၅၃၇၆၅၇သို့ဖြစ်စေ ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ ရန်ပုံငွေဖြင့် ကလွင်-တောင်ပြို-ကရက် ကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်းမှုကို မေ ၃၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် အဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော အမှိုက်စွန့်ပစ်နေရာသွားလမ်း ကျောက်ချောခင်းခြင်းကို ဇွန်၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး ချုံနွယ်ပိတ်ပေါင်းများ သီပေါမြို့နယ်၌ ရှင်းလင်း

သီပေါ ဇွန် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ဇာတ်စုရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ဦးဆောင်၍ မိုးရာသီတွင် ဖြစ်ပေါ်တတ်သော ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောပွဲကို ဇွန်၈ရက် နံနက်၁၀နာရီက ဇာတ်စုရပ်ကွက်ရုံးခန်းမ၌ ကျင်းပသည်။

အစီအမံ

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကျင်မြက ကျန်းမာရေးပညာရပ်များနှင့် ဖုံးသွန်လဲစစ်လုပ်ငန်း ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ပညာပေး

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြနှင့်အဖွဲ့ဝင်များ၊ ဇာတ်စုရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းညွန့်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများသည် တစ်အိမ်တက်ဆင်းဝင်ရောက်ကာ ဘုရားပန်းညောင်ရေအိုးများ နေ့စဉ်လဲလှယ်ရေး၊ ရေခွက်ကားတာယာ၊ ချိုင့်ခွက်များအတွင်း ခြင်များ ခိုအောင်းခြင်း မရှိစေရန် သန့်ရှင်းစွာထားရေး၊ ပိုးလောက်လမ်းများ မပြန့်ပွားစေရန် ဖုံးသွန်လဲစစ်စနစ်ကို တိကျစွာ လိုက်နာကျင့်သုံးရေးနှင့် အိမ်ဝန်းကျင်အတွင်း ခြင်ယင်များ ခိုအောင်းမနေနိုင်ရန် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရေးစသည့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရေးမြို့နယ် စည်ပင်ဝန်ထမ်းအိမ်ရာ ပြုပြင်တည်ဆောက်

ရေး ဇွန် ၁၁

ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးတူးနောင် ဦးဆောင်၍ အဖွဲ့ဝန်ထမ်းအိမ်ရာ ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇွန်၁ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးမောင်ဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်ဝင်းမောင်တို့ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ (မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်း ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ကျောက်ပန်းတောင်း ဇွန် ၁၃

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ထမ်းများစာဖတ်ရှိန်မြှင့်တင်ရေးနှင့် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် လေ့လာသိရှိနိုင်စေရေးတို့အတွက် ဝန်ထမ်းများ စာဖတ်ဝိုင်းကို အပတ်စဉ်လုပ်ဆောင်လျက်ရှိရာ ဇွန် ၆ရက် နံနက် ၁၀နာရီက ဇွန် ၃ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာပါ စည်သူအောင် ရေးသားသောအခြေခံဥပဒေသည်သာ ပြည်သူတစ်ရပ်လုံး၏မန်းဒိတ်အစစ်ဆောင်းပါးနှင့် ဇွန် ၄ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာပါ လေ့လာသူတစ်ဦး ရေးသားသည့် ဒါမှတကယ့်မန်းဒိတ်အစစ် ဆောင်းပါးများကို စာ/ထောက်(၃) ဦးသောင်းမြ၊ ရုပ်သံကျွမ်းကျင်(၃) ဦးဇော်တိုးနှင့် ရုပ်/သံ(အကူ) ဦးကျော်နိုင်တို့က အလှည့်ကျ ဖတ်ကြားကြပြီး ဆောင်းပါးပါ အချက်အလက်များနှင့် ပတ်သက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်က ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြည့်ရှုစစ်ဆေး

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကညွတ်ကွင်းမြို့ ရေပြာကျေးရွာတွင် ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော လက်လှည့်ပန့်တူးဖော်ခြင်းလုပ်ငန်းကို ဇွန် ၉ ရက်က အမှုဆောင် အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)



ဂန့်ဂေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်သာယာလှပစေရေးအတွက် ရိပ်သာလမ်းဘေးဝဲယာတွင် ကပ်တိုးများပြုလုပ်ခြင်းနှင့် သဲနုန်းဖြည့်ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို ဇွန်၅ရက်က အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဝင်းတို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား (ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။